# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လပြည့် ၊ ဗုဒ္ဓဟူးနေ့ ၊ (27-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၄၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်



**နေပြည်တော် ဒီဇင်ဘာ ၂၆**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊

**စာမျက်နှာ ၁၉ ကော်လံ ၁ ⇒**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပထမဆုရရှိသည့် မန္တလေးရန်(ခ)အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။**




ရတနာပုံ
၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်
အယ်ဒီတာ့အာဘော်

# သူရဲကောင်းများကို ချီးမြှင့်ဂုဏ်ဖော် လနတ်တော်

နတ်တော်လသည် မြန်မာလများတွင် ကိုးလမြောက်လဖြစ်သည်။ ဆောင်းလရာသီဖြစ်သည့်အတိုင်း နှင်းမြူများ ရစ်ဆိုင်းနေပြီး အေးမြမြအထိအတွေ့ကို ခံစားရသောကာလလည်းဖြစ်သည်။ နတ်တော်လ၏ ရာသီပွဲအဖြစ် ရှေးယခင်က နတ်ပူဇော်ပွဲကျင်းပကြလေ့ရှိသည်။

ရှေးမြန်မာဘုရင်များလက်ထက်က နတ်တော်လတွင် နတ်ပူဇော်ပွဲသာမက ဆင်ဖမ်းပွဲ၊သာသနာ စာပေ၊ စစ်ပညာ စသည်တို့၌ ထူးချွန်သည့် သူရဲကောင်းများကို ဘွဲ့ထူး၊ ဂုဏ်ထူးများ ပေးအပ်ချီးမြှင့်မှုကျင်းပပြုလုပ်လေ့ရှိသည်။ နိုင်ငံတော်အတွက် သာသနာ့အာဇာနည်များ၊ စစ်ဘက်ဆိုင်ရာ သူရဲကောင်းများနှင့် စာပေပညာရှင်များကို ဖော်ထုတ်ပြီး ဘွဲ့ထူးဂုဏ်ထူးများ အခမ်းအနားဖြင့်ပေးအပ်ချီးမြှင့်သည့် အစဉ်အလာကောင်းတစ်ရပ်အဖြစ် ယနေ့တိုင် ကောင်းစွာထိန်းသိမ်းထားသည်။

**"ဟေမန္တရတုဟုခေါ်တွင်ခဲ့ကြသည့် ယခုနတ်တော်လရာသီသည် ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သည့် စာဆိုတော်များရေးဖွဲ့သီကုံးခဲ့သည့် စာပေ၏ အနှစ်သာရ၊ အဆီအနှစ်များကို ပြန်လည်လှစ်ဟဖော်ကျူးဂုဏ်ပြုကြသည့်ကာလလည်းဖြစ်ပါကြောင်း၊ စာဆိုတော်များ၏ စေတနာကောင်းများမှ ဖြစ်ထွန်းပေါ်ပေါက်လာသည့် စာပေအဖူးအပွင့်များသည် လေ့လာ၍ မကုန်နိုင်အောင် များပြားလွန်းလှပါကြောင်း၊ ယနေ့ နိုင်ငံဖွံ့ဖြိုးမှုရလဒ်များသည် စာပေကရသည့် အသိပညာ၊ အတတ်ပညာများက အများဆုံးရရှိခဲ့သော သက်သေများပင်ဖြစ်ပါကြောင်း၊ စာပေက ပေးစွမ်းသည့် သုတ၊ ရသ အဖုံဖုံတို့သည်လည်း အလွန်အဖိုးအနဂ္ဃထိုက်တန်ပါကြောင်း၊ ထို့ကြောင့် လူသားများအတွက် စာပေအသိအမြင်နှင့် ပညာဗဟုသုတများကို ပေးစွမ်းသည့် စာဆိုတော်ကြီးများ၏ ဂုဏ်ရည်ကိုဖော်ထုတ်ပြသသည့်အနေဖြင့် နတ်တော်လရာသီတွင် စာဆိုတော်နေ့အခမ်းအနားများကို ကျင်းပကြခြင်းပင်ဖြစ်ပါကြောင်း"** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နေပြည်တော် MICC-2 ၌ ဒီဇင်ဘာ ၁၃ ရက်က ကျင်းပသည့် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

နတ်တော်လ စာဆိုတော်နေ့တွင် စာပေဆုနှင်းသဘင်များ ပေးအပ်ချီးမြှင့်ခြင်းသည် စာပေလောကသားအားလုံးအတွက် မင်္ဂလာနေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ထို့ပြင် အသက် ၈၀ နှင့်အထက် သက်ကြီးစာပေပညာရှင်ကြီးများကို ပူဇော်ကန်တော့ပွဲကိုလည်း နတ်တော်လထဲတွင် နှစ်စဉ်မပြတ်ကျင်းပနိုင်ခြင်းသည်လည်း စာပေလောကသားတို့၏ စည်းလုံးမှု စာပေချစ်မြတ်နိုးသူတို့၏ စေတနာသဒ္ဓါကြည်ညိုစိတ် ထက်သန်မှုတို့ကြောင့်ပင်ဖြစ်ပါသည်။

ယခုနတ်တော်လထဲမှာပင် နိုင်ငံ၏ ၇၆ နှစ်မြောက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ် ကျရောက်လျက်ရှိပါသည်။ ထိုနေ့ထူးနေ့မြတ်တွင် နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော်အတွက် ထူးကဲစွာ ဘာသာသာသနာ့အကျိုး ဆောင်ရွက်ကြသည့် သာသနာ့အာဇာနည်များ၊ လူပုဂ္ဂိုလ်များ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များထမ်းဆောင်ရာတွင် မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ရဲရင့်စွန့်စားစွာ တာဝန်ထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအပါအဝင် ပြည်သူ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ရာ သမိုင်းအစဉ်အလာကောင်းဖြစ်သည့်အတွက် ဝမ်းပန်းတသာ မုဒိတာပွားရပါသည်။

နတ်တော်လသည် စာပေလောကသားအားလုံး အလေးအမြတ် အသိအမှတ်ထားသော နေ့ထူးနေ့မြတ် စာဆိုတော်နေ့ကျင်းပရာ မင်္ဂလာရှိသော လတစ်လဖြစ်ပါသည်။ ထို့ပြင် နိုင်ငံအကျိုး၊ အများပြည်သူအကျိုးဆောင်ခဲ့သူ သာသနာ့အာဇာနည်သူရဲကောင်းများ၊ နယ်ပယ်အသီးသီးတွင် ရဲရင့်စွန့်စားထူးချွန်ကြသော လူပုဂ္ဂိုလ်သူရဲကောင်းများကို ဖော်ထုတ်၍ ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုသည့် မင်္ဂလာနှင့်ညီသော လထူးလမြတ်ဖြစ်ပါကြောင်း မှတ်တမ်းပြုရေးသားလိုက်ရပါသည်။

# မန္တလေးတောင်၊ မန္တလေးဆိပ်ကမ်းနှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့်လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၂၁၀၀ ကျော်ရှိလာ



**မန္တလေး ဒီဇင်ဘာ ၂၆**

မန္တလေးတောင်၊ မန္တလေးဆိပ်ကမ်းနှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့် ခရီးသည်လိုက်ပါစီးနင်းမှု တစ်ရက်လျှင် ဦးရေ ၂၁၀၀ ကျော်ရှိလာကြောင်း အမှတ် (၁၊ ၂၊ ၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြင့်ငွေက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင်း ခရီးသွားများ၊ ဈေးရောင်းသူများနှင့် အခြားကိစ္စရပ်များအတွက် မြို့တွင်းသွားလာရာတွင် လိုင်းကားများကလည်း အရေးပါလျက်ရှိကြောင်း၊ ယခုလက်ရှိ မန္တလေးမြို့တွင်းလမ်းကြောင်းများသို့ အမှတ်(၁၊ ၂၊ ၃)လိုင်းကားများဖြင့် ခရီးသည်လိုက်ပါစီးနင်းမှုများပြားလျက်ရှိကြောင်း သိရသည်။

"မန္တလေးမြို့တွင်းလမ်းကြောင်းတွေဖြစ်တဲ့ မန္တလေးတောင်၊ ဈေးချိုတော်၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်အပြင် မန္တလေးဆိပ်ကမ်း စတဲ့လမ်းကြောင်းတွေကို လိုင်းကားတွေနဲ့ လိုက်ပါစီးနင်းတဲ့ ခရီးသည်တွေ အခုလတ်တလော ပြန်ပြီးများလာတယ်"ဟု ဦးမြင့်ငွေက ပြောပြသည်။

မန္တလေးဈေးချိုတော်၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်း စသည့်လမ်းကြောင်းများသို့ အမှတ် (၁၊ ၂၊ ၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ ဒီဇင်ဘာလ ဒုတိယပတ်က တစ်ရက်လျှင် ဦးရေ ၁၉၀၀ ကျော်သာရှိခဲ့သော်လည်း ဒီဇင်ဘာလ တတိယပတ်မှစ၍ လိုက်ပါစီးနင်းသည့်ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၁၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးမြို့တွင်း လိုက်ပါစီးနင်းမှုအများဆုံး လမ်းကြောင်းကတော့ မန္တလေးဆိပ်ကမ်းနဲ့ မန္တလေးတောင်ဘက်ကို ပြေးဆွဲနေတဲ့ လိုင်းကားတွေမှာ ခရီးသည်လိုက်ပါစီးနင်းမှု တော်တော်လေးများတယ်။ တချို့ကကျတော့လဲ လက်လုပ်လက်စား ဈေးရောင်းတဲ့ ခရီးသည်တွေအပြင် အခြားနယ်ဝေးဒေသကလာတဲ့ ခရီးသည်တွေလဲ လိုက်ပါစီးနင်းမှုတွေရှိပါတယ်"ဟု အမှတ် (၁၊ ၂၊ ၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြင့်ငွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်လေးမြို့နယ်တွင် မြစိမ်းရောင်အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည်

**မန္တလေး ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်လေးမြို့နယ်တွင် မြစိမ်းရောင်အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီး မြို့နယ်လေးမြို့နယ်ရှိ ကျေးရွာငါးရွာတွင် အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်ပံ့ပိုးငွေဖြင့် မြစိမ်းရောင်အသားကဏ္ဍ ကျေးရွာများဖြင့် ၂၀၂၄ ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူရေးဖွံ့ဖြိုးတိုးတက်သည့်ကျေးရွာများကို ရွေးချယ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြစိမ်းရောင်အသားကဏ္ဍ ကျေးရွာစီမံကိန်းအတွက် ငွေကျပ်သိန်း ၃၀၀ ကို ထုတ်ချေးပေးပြီး ကျေးရွာများတွင် မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးကိုသာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြစိမ်းရောင်အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်လေးမြို့နယ်ရှိ ကျေးရွာငါးရွာမှာ နိုင်ငံတော်ပံ့ပိုးငွေနဲ့ ချေးပေးပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီချေးငွေတွေက အရင်းမပျောက်မတည်ငွေ သဘောပါ။ အခုလို ဆောင်ရွက်တာက အသားကဏ္ဍဖွံ့ဖြိုးဖို့၊ လူနေမှုဘဝတွေ တိုးတက်ဖို့၊ ဆင်းရဲမှုလျှော့နည်းဖို့ ဆောင်ရွက်တဲ့စီမံကိန်းပါ။ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာကြီးကြပ်မှုကော်မတီအဆင့်ဆင့်နဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆောင်ရွက်တဲ့ ကျေးရွာတွေမှာ မွေးမြူရေးဖွံ့ဖြိုးဖို့ကိုပဲ လုပ်ဆောင်သွားမှာပါ"ဟု မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြသည်။

အဆိုပါ မြစိမ်းရောင်အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်သွားမည့် မြို့နယ်လေးမြို့နယ်မှာ စဉ့်ကူးမြို့နယ်တွင် ကျေးရွာတစ်ရွာ၊ ကျောက်ဆည်မြို့နယ်တွင် ကျေးရွာနှစ်ရွာ၊ ပျော်ဘွယ်မြို့နယ်တွင် ကျေးရွာတစ်ရွာ၊ မြစ်သားမြို့နယ်တွင် ကျေးရွာတစ်ရွာတို့ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်တွင် ပဲလွမ်းပြာ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂၆**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲလွမ်းပြာ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲလွမ်းပြာကို တရုတ်နိုင်ငံက ဝယ်ယူမှုများရှိလာကြောင်း၊ ယခင်က မန္တလေးဈေးကွက်အတွင်း ပဲလွမ်းပြာမှာ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း၊ ယခုလက်ရှိတွင် မန္တလေးဈေးကွက်အတွင်း ပဲလွမ်းပြာများ ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိအချိန်မှာ ပဲလွမ်းပြာတွေကို ပြည်ပနိုင်ငံတွေအပြင် ပြည်တွင်းက ကုန်သည်တွေကပါ ဝယ်ယူမှု တော်တော်လေးများလာပြီး ဈေးကွက်ထဲ အရင်ကထက် အရောင်းအဝယ် ပိုပြီးကောင်းလာတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ပဲလွမ်းပြာ ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုလောလောဆယ်တော့ ပဲလွမ်းပြာတွေ အရောင်းအဝယ်ပြန်ပြီးကောင်းလာတယ်။ တရုတ်နိုင်ငံဘက်ကလဲ အခုတလော အဝယ်ပြန်များလာတယ်။ အရင်က တရုတ်နိုင်ငံက အဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေခဲ့တယ်။ အခုတော့ ပဲလွမ်းပြာတွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းနေပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြသည်။

လက်ရှိ မန္တလေးဈေးကွက်သို့ မြင်းမူမြို့နယ်၊ မြောင်မြို့နယ်တို့မှ ပဲလွမ်းပြာများ ဝင်ရောက်နေကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဒိုက်ဦးမြို့နယ် ဖျက်ကလေးကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဒိုက်ဦး ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဖျက်ကလေးကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဖျက်ကလေးကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေ လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဒိုက်ဦးမြို့နယ် ဖျက်ကလေးကျေးရွာ၌ အရှည်ပေ ၁၂၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာတွင်းဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဒီဇင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၅ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောပြ၍ သိရသည်။

**ကိုညို**

# လမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်မည့်အစီအစဉ် အသိပေးကြေညာချက်

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညအချိန်တွင် နှစ်သစ်ကူးပွဲတော်ပျော်ပွဲရွှင်ပွဲ အစီအစဉ်ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ လမ်း×၆၆ လမ်းဆုံတွင် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပွဲတော်လာပြည်သူများ လုံခြုံစိတ်ချစွာပျော်ရွှင်နိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးတို့အတွက် လမ်းပိတ်၊ လမ်းလွှဲ အစီအစဉ်ကို အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

၁။ ၂၄ လမ်း×၆၆ လမ်းဆုံ၊ ၂၆ လမ်း×၆၅ လမ်းဆုံ၊ ၂၇ လမ်း×၆၆ လမ်းဆုံ၊ ၂၆ လမ်း×၆၈ လမ်းဆုံတို့တွင် လမ်းပိတ်၍ မည်သည့်ယာဉ်မှ ဝင်ခွင့်မပြုဘဲ ပွဲတော်လာပြည်သူလူထုသာ ခြေကျင်ဝင်ခွင့်ပြုစေပါမည်။

၂။ ၁၉ လမ်း×၆၆ လမ်းဆုံ၊ ၂၆ လမ်း×၆၂ လမ်းဆုံ၊ လမ်း ၃၀×၆၆ လမ်းဆုံ၊ ၂၆ လမ်း×၇၃ လမ်းဆုံတို့တွင် လမ်းလွှဲ၍ ပွဲတော်လာယာဉ်များနှင့် အဆိုပါနေရာများအတွင်း နေထိုင်သည့်ယာဉ်များသာ ဝင်ထွက်ခွင့်ပြုမည်ဖြစ်ပြီး အခမ်းအနားနေရာ ၂၆ လမ်း×၆၆ လမ်းဆုံ ဖြတ်သန်းသွားမည့်ယာဉ်များ ဝင်ခွင့်မပြုဘဲ အခြားလမ်းလွှဲမှမောင်းနှင်ဆောင်ရွက်စေပါမည်။

သို့ပါ၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ည ၆ နာရီမှ ပွဲတော်ပြီးဆုံးချိန်ထိ အထက်ဖော်ပြပါလမ်းများကို ခေတ္တလမ်းပိတ်၊ လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့်ပန်းနှမ်း ဧက ၁၁၆၀၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့်ပန်းနှမ်း ဧက ၁၁၆၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မုန်ညင်းနှင့်ပန်းနှမ်း ၁၃၂၇၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၁၆၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးခရိုင်မှာ မုန်ညင်းနဲ့ ပန်းနှမ်းကို နှစ်စဉ်စိုက်ပျိုးပါတယ်။ မုန်ညင်းနဲ့ပန်းနှမ်းကို ဆီအဖြစ် အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ မုန်ညင်းနဲ့ပန်းနှမ်း ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတာ လက်ရှိဧက ၁၁၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ကျန်တဲ့ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်"ဟု ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ယခုနှစ် ကလေးခရိုင် မုန်ညင်းနှင့်ပန်းနှမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် မုန်ညင်း ၅၅၁၂ ဧက၊ ပန်းနှမ်း ၃၀၇ ဧက၊ ကလေးဝမြို့နယ်တွင် ပန်းနှမ်း ၃၆၃၃ ဧကနှင့် မင်းကင်းမြို့နယ်တွင် ပန်းနှမ်း ၂၁၄၈ ဧက စုစုပေါင်းဧက ၁၁၆၀၀ ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မုန်ညင်းနှင့်ပန်းနှမ်း စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် မုန်ညင်း ၆၁၂၅ ဧက၊ ပန်းနှမ်း ၁၁၁၉ ဧက၊ ကလေးဝမြို့နယ်တွင် ပန်းနှမ်းဧက ၃၈၅၀ နှင့် မင်းကင်းမြို့နယ်တွင် ပန်းနှမ်း ၂၁၈၂ ဧက စုစုပေါင်း ၁၃၂၇၆ ဧက ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ဘားအံမြို့နယ်၌ ကုန်ထုတ်လမ်းဖောက်လုပ်မှုစစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၂၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထောင်ဝိကွင်းအမှတ်(၁၁၈၄) ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ထောင်ဝိကွင်းအမှတ်(၁၁၈၄) ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဘားအံမြို့နယ်၌ ထောင်ဝိကွင်းအမှတ်(၁၁၈၄) ကုန်ထုတ်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့်ကိုးလက်မရှိ ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၀၈ ဒသမ ၄၀၅ သန်းဖြင့် ငွေစင်ဆန်းသစ်ကုမ္ပဏီက ယခုနှစ် မေလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ဆက်လှ**

# သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၆၃၅ ဧက စိုက်ပျိုးမည်

**ပုသိမ် ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၆၃၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၆၃၅ ဧကကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊အဆိုပါ မြေပဲ ၂၆၃၅ ဧက စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ သာပေါင်းမြို့နယ်မှာ မြေပဲ ၂၆၃၅ ဧက စိုက်ပျိုးသွားမှာပါ။ မြေပဲအပါအဝင် ဆောင်းသီးနှံတွေကို လျာထားဧကအတိုင်း စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက တောင်သူအသိပညာပေး လုပ်ငန်းတွေကို မြေပြင်ထိကွင်းဆင်းပို့ချ ဆောင်ရွက်ပေးနေပါတယ်။ သာပေါင်းမြို့နယ်က တောင်သူတွေက မြေပဲစိုက်ဖူးတဲ့ အတွေ့အကြုံ ရှိထားပြီးသားလဲဖြစ်ပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးဝင်းက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် တောင်သူများက မြေပဲအပါအဝင် ဆောင်းသီးနှံများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့်အပြင် မြေပဲတစ်ကေချင်းစီအလိုက် အထွက်နှုန်းကောင်းစေရန်၊ မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုသည့်နည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်အသုံးပြုမှုများ၊ စိုက်နည်းစနစ်မှန်ကန်စေရန်အချက်များ စသည်တို့ကိုလည်း အားဖြည့်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ရွှေတိဂုံခြေတော်ရင်းမှ သွေးဆေးကန်

**မောင်သာ(ရှေးဟောင်းသုတေသန)**



ရွှေတိဂုံစေတီမြောက်ဘက်မုခ်ရှိ သွေးဆေးကန်ကို တွေ့ရစဉ်။

တစ်ချိန်က မွန်တိုင်းရင်းသားများနေထိုင်ခဲ့သည့် တံငါရွာငယ်နေရာ၌ ၁၇၅၅ ခုနှစ် မေ ၂ ရက်တွင် အလောင်းမင်းတရား ဦးအောင်ဇေယျက ၇၅ ဧက ကျယ်ဝန်းသော မြို့သစ်ကိုတည်ကာ ရန်ကုန်ဟုအမည်ပေးခဲ့သည်။ ရန်ကုန်မြို့သည် နှစ် ၂၇၀ နီးပါးအတွင်း အဆင့်ဆင့်တိုးတက်ဖွံ့ဖြိုးခဲ့ရာ လက်ရှိအချိန်တွင် ကမ္ဘာ့အဆင့်မီမြို့ကြီးတစ်မြို့အဖြစ် ထင်ရှားလျက်ရှိနေပေသည်။

ခေတ်အဆက်ဆက်ကိုဖြတ်သန်းခဲ့ရသည့် ရန်ကုန်မြို့တွင် ယနေ့တိုင်မြို့ပြအမွေအနှစ်များ ကျန်ရှိနေသည်။ ၎င်းမြို့ပြအမွေအနှစ်များတွင် ရေမြေတောတောင်၊ မြစ်ချောင်းရေကန်၊ ဥယျာဉ်ကဲ့သို့သောသဘာဝအမွေအနှစ်များအပြင် လူတို့ပြုလုပ်ထားသော အမွေအနှစ်များဖြစ်သည့် အဆောက်အအုံများနှင့် အခြားရုပ်ဝတ္ထုများလည်းပါဝင်ခဲ့သည်။

ရန်ကုန်မြို့တွင် ကြွင်းကျန်ရစ်သည့် သဘာဝအမွေအနှစ်များအနက် သွေးဆေးကန်ဟု ထင်ရှားသည့် သဘာဝရေကန်ကြီးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

**သွေးဆေးကန်**

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီမြောက်ဘက်မုခ်တွင်တည်ရှိသည့် သွေးဆေးကန်သည် အင်္ဂလိပ်-မြန်မာစစ်ပွဲများတွင် အင်္ဂလိပ်များ၏ သွေးကိုဆေးခဲ့သည့် ရေကန်ဟု လူသိများခဲ့သည်။ ရေကန်တောင်ဘက်တွင်စိုက်ထူထားသည့် ကမ္ပည်းစာတွင်ပင် ဤကန်၌ မြန်မာသူရဲကောင်းများသည် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ (ခရစ်နှစ် ၁၈၂၄-၂၆)နှင့် ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ(ခရစ်နှစ် ၁၈၅၂-၅၄)တွင် မိမိတို့၏တိုက်ပွဲဝင် သွေးစွန်းသောဓားများကို ဆေးကြောခဲ့ကြသည်ဟု ရေးထွင်းထားသည်။ (မူရင်းစာသားအတိုင်းဖြစ်ပါသည်။)

၎င်းရေကန်အနီးတွင်ပင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက် (၁၉၈၈-၁၉၉၇)တွင် ထုလုပ်စိုက်ထူခဲ့သည့် ရှေးခေတ် မြန်မာသူရဲကောင်းများ ဓားကိုရေဆေးနေသည့် ရုပ်တုတစ်ခုရှိသည်။ အင်္ဂလိပ်-မြန်မာစစ်ပွဲများတွင် မြန်မာသူရဲကောင်းများက အင်္ဂလိပ်များကို ဓားဖြင့်ခုတ်သဖြင့် ဓားများတွင် ပေကျံလာသည့် သွေးများကို ဆေးခဲ့သည့်နေရာဟု ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် နှောင်းလူများက ၎င်းကန်ကို အမှန်ပင်သွေးဆေးခဲ့သည့်ကန်ဟုယူဆခဲ့ကြသော်လည်း လက်ရှိအချိန်တွင် ငါး၊ လိပ်စသည့် ရေသတ္တဝါများကို ဘေးမဲ့ပေးကာ အစာကျွေးကုသိုလ်ယူကြသည့် နေရာတစ်ခုအဖြစ်တည်ရှိနေသည်။ ထို့အတူ တစ်ချိန်က ၎င်းကန်တွင် အမှန်ပင်ဓားများကို ဆေးခဲ့ခြင်း ဟုတ်၊ မဟုတ် စဉ်းစားဖွယ်ဖြစ်ခဲ့ရပေသည်။

**မှတ်တမ်းထဲက သွေးဆေးကန်**

ရွှေတိဂုံမှတ်တမ်းတစ်စောင်အရ ရှေးအခါက ရွှေတိဂုံစေတီ မြောက်ဘက်မုခ်ခြေရင်းရှိ ခြင်္သေ့ရုပ်တုနှစ်ခုအနက် အနောက်ဘက် ခြင်္သေ့ရုပ်တုဘေးတွင် သိကြားမင်းက ငွေကရားဖြင့် ရေသွန်းနေသည့် ရုပ်တုရှိခဲ့သည်။ ၎င်းရုပ်တုကို အုတ်ရေကန်ငယ်တွင်ထားရှိကာ ၎င်းကန်ကို သွေးဆေးကန်ဟု ခေါ်ဆိုခဲ့သည်။ သိကြားမင်းက နတ်ရေစင်သွန်းလောင်းသဖြင့် ကန်ရေသည် သွေးဆေးကဲ့သို့ အစွမ်းထက်သည့် ဆေးဖက်ဝင်ရေများဖြစ်လာခဲ့ကာ သွေးဆေးကန်ဟု အမည်တွင်ခဲ့သည်ဟု ဆိုလိုသည်။ ၎င်းအုတ်ကန်ငယ်၏တစ်ဖက်တွင် လမ်းခြားလျက် ယခုသွေးဆေးကန်ဟု ထင်ရှားသည့် ရေကန်ကြီးရှိသည်။

**သွေးဆေးကန်၏ သမိုင်းနောက်ခံ**

ကုန်းဘောင်ခေတ် ဆဋ္ဌမမြောက်ဘုရင် ဗဒုံမင်းသည် မိမိ၏နန်းသက်တစ်လျှောက်တွင် ဘုရင့်အမိန့်တော်များကို ထုတ်ပြန်ခဲ့ရာ ခရစ်နှစ် ၁၇၈၂ ခုနှစ်မှ ၁၈၁၉ ခုနှစ်ထိ အမိန့်တော် ၁၄၇၇ စောင်၊ အကြောင်းအရာ ၃၄၅၁ ခု ရှိခဲ့သည်။ ၎င်းအမိန့်ပြန်တမ်းများတွင် ထူးခြားစွာပင် ရန်ကုန်မြို့ရှိ သွေးဆေးကန်နှင့် သက်ဆိုင်သည့် အမိန့်တော်တစ်ရပ်ပါရှိခဲ့သည်။

သက္ကရာဇ် ၁၁၇၃ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၆ ရက် (ခရစ်နှစ် ၁၈၁၁ ခုနှစ် နိုဝင်ဘာ ၅ ရက်) အင်္ဂါနေ့တွင်ထုတ်ပြန်သည့်အမိန့်တော်တွင် "ရန်ကုန်မြို့ သွေးဆေးကန်က ရေလုံးရေ ၁၀ ကို ဟံသာဝတီမြို့ဝန်က ရွှေဘဝါးတော်အောက် ကောင်းမွန်အောင်ဆောင်ယူဆက်သလှာစေ"ဟု ဖော်ပြခဲ့သည်။ (မူရင်းသတ်ပုံအတိုင်းဖြစ်ပါသည်။)

အမိန့်တော်အရ ဆေးဖက်ဝင်သည့် သွေးဆေးကန်မှ ရေများကို တစ်စုံတစ်ရာသုံးစွဲရန် မင်းနေပြည်တော်သို့ သယ်ယူစေခြင်းဖြစ်ကြောင်း ယူဆရသည်။ ၎င်းအမိန့်တော်အရ ထိုကန်သည် ကုန်းဘောင်ခေတ်ကပင် သွေးဆေးကန်ဟု အမည်တွင်ခဲ့ကြောင်း ထင်ရှားခဲ့ပေသည်။

ထို့ကြောင့် ၎င်းအမိန့်တော်ထုတ်ပြန်ခဲ့ပြီး ၄၁ နှစ်အကြာ ခရစ်နှစ် ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲဖြစ်ပွားသဖြင့် ၎င်းစစ်ပွဲရောက်မှ သွေးစွန်းဓားများကို ဆေးကြောပြီး သွေးဆေးကန်ဟု အမည်တွင်ခဲ့ခြင်းသည် စဉ်းစားဖွယ်အချက်တစ်ခုဖြစ်ခဲ့ရပေသည်။

**ဗြိတိသျှသံကိုယ်စားလှယ်၏ မှတ်တမ်း**

ဗဒုံမင်းနန်းတက်ပြီး ၁၄ နှစ်အကြာ ၁၇၉၆ ခုနှစ်တွင် ဗြိတိသျှနိုင်ငံ၏ သံကိုယ်စားလှယ် အင်္ဂလိပ်လူမျိုး ကပ္ပတိန်ဟီရမ်ကောက်စ် (Cap. Horam Cox)သည် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော် အမရပူရသို့ ရောက်ရှိလာခဲ့သည်။ သူသည် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သည့် ၁၇၉၆ ခုနှစ် အောက်တိုဘာ ၈ ရက်မှ ၁၇၉၇ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်ထိ ခရီးစဉ်မှတ်တမ်းကို Journal of a residence in the Burmhan Empire အမည်ဖြင့် ရေးသားခဲ့ကာ ၁၈၁၂ ခုနှစ်တွင် စာအုပ်ထုတ်ခဲ့သည်။

ကပ္ပတိန်ကောက်စ်သည် သွေးဆေးကန် အနီးဝန်းကျင်ရှိ မြေသားနှင့် ကျောက်များ၏ အနေအထားကိုမှတ်တမ်းတင်ခဲ့ရာ ၎င်းစာအုပ်တွင် သွေးဆေးကန်နှင့်ပတ်သက်သည့် အကြောင်းအရာ၊ အချက်အလက်တချို့ပါဝင်ခဲ့သည်။

ကပ္ပတိန်ကောက်စ်၏ မှတ်တမ်းတွင် ၁၇၉၆ ခုနှစ် နိုဝင်ဘာ ၂၅ ရက်စွဲပါ ခေါင်းစဉ်အောက်၌ သွေးဆေးကန်အနီးရှိ တောင်ကုန်း၏ အပေါ်ဆုံးမြေလွှာသည် ၁၂ ပေနက်၍ ဆီလီကာဓာတ်ကြွယ်ဝသော မြေလွှာဖြစ်ကြောင်း၊ ဒုတိယမြေလွှာသည် သံဓာတ်ကြွယ်ဝသည့်မြေလွှာဖြစ်ကြောင်း၊ တတိယမြေလွှာသည် သံဓာတ်ကြွယ်ဝသည့် မြေနီနှင့် ဆီလီကာဓာတ်ကြွယ်ဝသည့်မြေရောတွင် အနီ၊ အဝါ၊ အပြာရောင်ရှိသော သံသတ္တုရိုင်းများ ပါဝင်သည့်မြေဖြစ်ကြောင်း၊ စတုတ္ထမြေလွှာသည် မြေစေးဖြူလွှာဖြစ်ကြောင်း၊ ပဉ္စမမြေလွှာသည် သံသတ္တုရိုင်းပမာဏများပြားပြီး ဆာလဖြူရစ်အက်စစ်ဓာတ်ကြွယ်ဝကြောင်း၊ဆဋ္ဌမမြေလွှာသည် ဖြုန်းကျောက်လွှာဖြစ်၍ သံသတ္တုရိုင်းပမာဏနှင့် ဆာလဖြူရစ်အက်ဆစ်ဓာတ်ပမာဏများကြောင်း စသည်ဖြင့် မြေလွှာတစ်ခုချင်း၏ ဖွဲ့စည်းပုံကို ရေးသားခဲ့သည်။

ဆက်လက်၍ မှတ်သုံးမိုးရေစီးကြောင်းထိတွေ့မှုနှင့် ဆဋ္ဌမမြေလွှာမှ ဖြုန်းကျောက်များသည် နေရောင်နှင့် ထိတွေ့ရာမှ သဘာဝကြေးနီ သတ္တုရိုင်းများဖြစ်ပေါ်လာပုံ၊ ကျောက်ကြားရှိ အခေါင်းပေါက်များတွင် ကန့်ဓာတ်များ ပါဝင်နေပုံတို့ကို ဖော်ပြခဲ့သည်။

သွေးဆေးကန်အတွင်းမှရေသည် သံသတ္တုနှင့် ဆာလဖြူရစ်အက်စစ်ဓာတ်ပြုရာမှ ထွက်ပေါ်လာသည့် သံသတ္တုဆားပျော်ဝင်နေသော ရေဖြစ်သည်။ ထို့ပြင် မဂ္ဂနီဆီယမ်အောက်ဆိုက်အနည်းငယ်နှင့် ပိုတက်ဆီယမ် ကလိုရိုဒ်ပါဝင်သောဆားများပါ ပျော်ဝင်နေကြောင်း၊ သတ္တုများပျော်ဝင်သောရေ (Mineral Water)ဖြစ်ကြောင်းကိုလည်းဖော်ပြခဲ့သည်။ သို့သော် ရောဂါဘယများ ပျောက်ကင်းသည်ဟု ဖော်ပြထားခြင်း မရှိချေ။ မြန်မာတို့ကမူ ဆေးဖက်ဝင်သည့် ရေများရှိသည့် နတ်ရေကန်ဟု ယုံကြည်မှုများရှိခဲ့သည်။

❖ ရွှေတိဂုံမှတ်တမ်းတစ်စောင်အရ ရှေးအခါက ရွှေတိဂုံစေတီမြောက်ဘက်မုခ်ရှိ ခြင်္သေ့ရုပ်တု နှစ်ခုအနက် အနောက်ဘက် ခြင်္သေ့ရုပ်တုဘေးတွင် သိကြားမင်းက ငွေကရားဖြင့် ရေသွန်းနေသည့် ရုပ်တုရှိခဲ့သည်။ ၎င်းရုပ်တုကို အုတ်ရေကန်ငယ်တွင်ထားရှိကာ ၎င်းကန်ကို သွေးဆေးကန်ဟု ခေါ်ဆိုခဲ့သည်။ သိကြားမင်းက နတ်ရေစင်သွန်းလောင်းသဖြင့် ကန်ရေသည် သွေးဆေးကဲ့သို့ အစွမ်းထက်သည့် ဆေးဖက်ဝင် ရေများဖြစ်လာခဲ့ကာ သွေးဆေးကန်ဟု အမည်တွင်ခဲ့သည်ဟု ဆိုလိုသည်။ ၎င်းအုတ်ကန်ငယ်၏တစ်ဖက်တွင် လမ်းခြားလျက် ယခုသွေးဆေးကန်ဟု ထင်ရှားသည့် ရေကန်ကြီးရှိသည်။ ❖

**သိကြားမင်းရေစင်သွန်းရုပ်တုရှိခဲ့သည့် ရေကန်ငယ်**

လက်ရှိသွေးဆေးကန်နှင့် မော်တော်ကားလမ်းခြားလျက် ခြင်္သေ့ရုပ်တုများအနီးတွင် တစ်ချိန်ကရှိခဲ့သည့်အုတ်ရေကန်ငယ်သည် ရွှေတိဂုံစေတီအလယ်ပစ္စယာ လမ်းဖောက်စဉ်က လမ်းရေိယာနှင့်မလွတ်သဖြင့် မြေဖို့ခဲ့သည်ဟု ဗြိတိသျှသံကိုယ်စားလှယ်၏ မှတ်တမ်းများအရ သိရသည်။ ၎င်းကန်သည် အလျား ၆၄ ပေ၊ အနံ ၁၈ ပေရှိခဲ့ပြီး ကန်အောက်ခြေသည် အလျား ၃၁ ပေ၊ အနံ ကိုးပေရှိခဲ့သည်။ ထိုကန်ငယ်၏ အရှေ့တောင်ထောင့်နေရာတွင် ရေများစိမ့်နေခဲ့သည်ဆိုရာ ၎င်းနေရာသည်သွေးဆေးကန်နှင့်အနီးဆုံးနေရာဖြစ်သည်။

ထိုကန်ငယ်အတွင်းသို့ စိမ့်ဝင်နေသည့် ရေများသည် သွေးဆေးကန်မှ ရေများဟု ယူဆကြသည်။ အုတ်ရေကန်ပေါင်ပေါ်တွင် အင်္ဂတေစိန်တောင်များ ပြုလုပ်ထားကာ ကန်ငယ်၏ တောင်ဘက်တွင် သိကြားမင်းရေစင်သွန်းလောင်းထည့်နေသည့် ရုပ်တုကိုထားရှိခဲ့သည်။

၁၉၄၅ ခုနှစ် မေလတွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဖက်ဆစ်တော်လှန်ရေးတပ်ထွက်ပွဲတွင် စစ်သည်များသည် တော်လှန်ရေးပန်းခြံမှ ထွက်လာပြီး ရွှေတိဂုံစေတီအနီးမှ ဖြတ်သန်းခဲ့ကြသည်။ သုတေသီ ဆရာမောင်ဖုန်းပြည့် ရေးသားချက်အရ ရွှေတိဂုံစေတီအနီးမှ စစ်သည်များဖြတ်သွားသည့် မှတ်တမ်းဓာတ်ပုံတွင် ထိုရေကန်ငယ်ပုံပါရှိခဲ့သည်။ သို့သော် ရွှေတိဂုံမြောက်ဘက်စောင်းတန်းကို ၁၉၇၀ ပြည့်နှစ်ကရိုက်ခဲ့သည့် ဓာတ်ပုံများတွင် ထိုရေကန်ငယ် မရှိတော့ဟု ဆိုသည်။ ၎င်းကန်ငယ်ကိုလည်း သွေးဆေးကန်ဟုပင် ခေါ်တွင်ခဲ့ကြသည်။

မှတ်တမ်းမှတ်ရာများအရ သွေးဆေးကန်သည် ဆေးဖက်ဝင်သည်ဟု အတိအကျမဆိုနိုင်သည့်တိုင် ထူးခြားသည့် သတ္တုပျော်ဝင်ရည်များရှိကြောင်းကိုကား လက်ခံနိုင်ဖွယ်ရှိခဲ့သည်။

သို့သော် အများထင်မှတ်ထားသကဲ့သို့ လက်ရှိသွေးဆေးကန်တွင် အင်္ဂလိပ်-မြန်မာပထမစစ်ပွဲနှင့် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲတွင် မြန်မာစစ်သည်များက မိမိတို့၏ တိုက်ပွဲဝင် သွေးစွန်းသောဓားများကို ဆေးကြောခဲ့ကြသည်ဟု ဆိုကြသည့်အချက်နှင့်စပ်လျဉ်းသည့် ခိုင်မာသောအထောက်အထားများကို မတွေ့ရှိရသေးပါချေ။

**ကိုးကား**

- ဗဒုံမင်းအမိန့်တော်မှတ်စု(ဒေါက်တာတိုးလှ)
- ပျူစောထီးပုံပြင်ကို ဖြေရာစုံကြည့်ခြင်း (မောင်ဖုန်းပြည့်၊တက္ကသိုလ်)
- Journal of a residence in the Burmhan Empire(Cap. Horam Cox)

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ပုသိမ်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါး ၅၆၀၂၁ ဧက ရိတ်သိမ်းပြီးစီး

**ပုသိမ် ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါး ၅၆၀၂၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလ ပထမပတ်ကစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၅၆၀၂၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ စပါး တစ်ဧကလျှင် ၉၀ ဒသမ ၅ တင်းထွက်ရှိကြောင်း သိရသည်။



"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါး ၉၁၃၄၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ မိုးစပါး ၅၆၀၂၁ ဧက ရိတ်သိမ်းပြီးပါပြီ။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မိုးစပါးတွေ အခက်အခဲမရှိ လျာထားချက်အတိုင်း အဆင်ပြေပြေ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တာတွေကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ မြေသြဇာနဲ့ အခြားလိုအပ်တာတွေကိုလဲ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ လိုအပ်သလို ချိတ်ဆက်ကူညီပေးခဲ့ပါတယ်။ ဒါကြောင့်လဲ အခုလို လျာထားချက်အတိုင်း စိုက်ပျိုးရိတ်သိမ်းနိုင်တာပါ" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးများ ဖြစ်ထွန်းအောင်မြင်စေရန်၊ စပါးအရည်အသွေးကောင်းမွန်စေရန်၊ စပါးထွက်နှုန်းကောင်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် အသိပညာပေးလုပ်ငန်းများကို စပါးများ ရိတ်သိမ်းချိန်ထိ စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ စိုက်ပျိုးရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိတ္ထီလာမြို့နယ် ဆပ်ပြာကျင်း-၂ ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိတ္ထီလာ ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိတ္ထီလာမြို့နယ် သရက်ပင်ကျေးရွာအုပ်စု ဆပ်ပြာကျင်း-၂ ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဆပ်ပြာကျင်း-၂ ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ဆပ်ပြာကျင်း-၂ ကျေးရွာ၌ အရှည်ပေ ၄၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၉၆ သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂၆ သိန်း စုစုပေါင်း ငွေကျပ် ၁၂၂ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

## စာဆိုဂုဏ်ရည် မွေးထုံကြည်

- ကဗျာဝတ္ထု၊ ဆောင်းပါးစုနှင့်
  တေးပြုသောခါ၊ စိတ်မှာခံစား
  အတွေးအားဖြင့်၊ ရေးသားမှုတွင်
  စိတ်ဖြူစင်၍၊ သန့်စင်လှသော
  စာယဉ်ချောကို၊ ကျယ်ပြောပင်လယ်
  စာပေနယ်တွင်း၊ စာနယ်ဇင်းဝယ်
  ထုံသင်းကြိုင်စွာ၊ ရနံ့ဖြာ၍
  စာဆိုသတင်း၊ ဂုဏ်ပြောင်ဝင်း၏။

- စဉ်သာမညိုး ရင်မှာပျိုးသည့်
  မြတ်နိုးတွယ်တာ၊ အနုပညာကား
  ရင်လွှာကိုဖောက်၊ ဦးနှောက်ကိုနှိုး
  စာတန်ခိုးကြောင့်၊ စိုးနှောင့်ဗျာပွေ
  မရှိလေဘဲ၊ များထွေသုခ
  စိတ်ကြည်မြကာ၊ သုတရသ
  နှစ်ဝကောင်းကျိုး၊ ဆင့်ဆင့်တိုး၍
  မြတ်နိုးခုံမင်၊ လွန်ချစ်ခင်၍
  ဝန်းကျင်အတွက်၊ ထမ်းဆောင်ရွက်ကာ
  စေတနာဖြင့်၊ ပညာဖြန့်ဝေ
  တိုင်းပြည်အတွက်၊ ကလောင်ထက်စွာ
  ပညာအားသွန်၊ စိတ်ထားမွန်ဖြင့်
  လမ်းညွှန်ရေးပြ၊ စာပေအလှ။

- တို့တိုင်းတို့ပြည်၊ ခိုင်မာတည်ဖို့
  ဂုဏ်ရည်မွေးကြိုင်၊ စာပေလှိုင်၍
  နိုင်ငံလူမျိုး၊ ဂုဏ်မညှိုးအောင်
  တို့မျိုးတို့နွယ်၊ ပညာကြွယ်ဖို့
  ရည်ရွယ်ရေးသား၊ စာပေအားဖြင့်
  တိုင်းကားပြည်ရွာ၊ သာစေရာဟု
  ရှေ့မှာဆောင်ကာ၊ စေတနာသည်
  စာပေအချင်း၊ ပြည့်စုံခြင်းတည့်။

- အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်နှင့်
  စာပေဂုဏ်မြင့်၊ လူမျိုးတင့်ဖို့
  နှိုင်းချင့်စဉ်လာ၊ ရတနာကား
  စာပေအနု၊ ပညာစုကို
  စာပြုသူမှာ၊ စေတနာနှင့်
  ပြည့်ရှာအကျိုး၊ ဆောင်သယ်ပိုးကာ
  မြတ်နိုးချစ်ကြည်၊ စာကိုစီ၍
  ဂုဏ်ရည်အလှ၊ ထုံကြည်မြ၏။ ။

**မောင်လေပြေ(တောင်တွင်း)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ဂါဇာစစ်ပွဲကို ရပ်မည်မဟုတ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ပြောကြား

**ဂျေရုဆလင် ဒီဇင်ဘာ ၂၆**

ဟားမတ်စ်အုပ်စုကို အပြီးသတ်ဖျက်ဆီးနိုင်ချိန်ထိ ဂါဇာစစ်ပွဲကို ဆက်လက်ဆင်နွှဲမည် ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ယနေ့တွင် ပြောကြားခဲ့သည်။

ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရေး နိုင်ငံတကာတောင်းဆိုမှုများကို ပယ်ချ၍ ဂါဇာစစ်ပွဲကို ဆုံးခန်းတိုင်သည်ထိတိုက်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ကြေညာခဲ့ခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် ဂါဇာစစ်ပွဲကို ရပ်မည်မဟုတ်ကြောင်း၊ ဟားမတ်စ်အုပ်စုကို ဖျက်ဆီးပြီးချိန်ထိ ယင်းစစ်ပွဲကိုဆက်တိုက်မည်ဖြစ်ကြောင်း လီကွတ်ပါတီမှ လွှတ်တော်အမတ်များနှင့်တွေ့ဆုံစဉ် အစ္စရေးဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ဒီဇင်ဘာ ၂၅ ရက်တွင် ဂါဇာမြောက်ပိုင်း ရှေ့တန်းစစ်မြေပြင်သို့ သွားရောက်၍ အစ္စရေးတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက အစ္စရေးတောင်ပိုင်းမြို့များကို အောက်တိုဘာ ၇ရက်တွင် တိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာစစ်ပွဲ စတင်ခဲ့သည်။

နှစ်လကျော်ကြာမြင့်နေပြီဖြစ်သည့် ဂါဇာစစ်ပွဲအတွင်း အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၂၀၇၀၀ဦးခန့် သေဆုံးခဲ့ရသည်ဟု ပါလက်စတိုင်းကျန်းမာရေး တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ယူကရိန်းနိုင်ငံ အရှေ့ပိုင်းရှိ မာယင်ကာမြို့ကို ရုရှားတပ်များ အပြည့်အဝထိန်းချုပ်ထားနိုင်ဟုဆို



**မော်စကို ဒီဇင်ဘာ ၂၆**

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းရှိ မာယင်ကာအမည်ရှိ မြို့တစ်မြို့ကို ရုရှားတပ်များက အပြည့်အဝ ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

မာယင်ကာမြို့အား ရုရှားတပ်များထိန်းချုပ်ထားနိုင်မှုကို ရုရှားကာကွယ်ရေးဝန်ကြီးဆာဂေးရှိုဂူးက သမ္မတ ပူတင်နှင့် ပြုလုပ်ခဲ့သည့် ဒီဇင်ဘာ ၂၅ ရက် ရုပ်သံဆွေးနွေးပွဲ၌ အတည်ပြုခဲ့ခြင်းဖြစ်သည်။

ရုရှား တိုက်ခိုက်ရေးတပ်များ အနေဖြင့် ဒီဇင်ဘာ ၂၅ရက်တွင် မာယင်ကာမြို့ တစ်မြို့လုံးကို အပြည့်အဝ ထိန်းချုပ်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက သမ္မတပူတင်ကိုပြောကြားခဲ့ခြင်းဖြစ်သည်။

မာယင်ကာမြို့သည် ဒွန်းနက်ခ်မြို့တော်နှင့် သုံးမိုင်ခန့်အကွာတွင် တည်ရှိသည့်မြို့ဖြစ်သည်။

မာယင်ကာမြို့ကို ထိန်းချုပ်ထားနိုင်ပါက ရုရှားတပ်များအနေဖြင့် ဒွန်းနက်ခ်မြို့တွင်းရှိ ယူကရိန်းတပ်များကိုစစ်ရေးအရ ဆက်လက်တိုက်ခိုက်နိုင်မည်ဖြစ်သည်။

ရုရှားနိုင်ငံသည် ယူကရိန်းနယ်မြေများကို ပိုမိုထိန်းချုပ်ထားနိုင်ရေးအတွက် လက်ရှိအချိန်တွင် ယူကရိန်းအရှေ့ပိုင်း ရှေ့တန်းမျဉ်းတစ်လျှောက် ထိုးစစ်များ ဆင်နွှဲလျက်ရှိနေကြောင်း သိရသည်။

Ref : RT
Trs : KKO

## အိန္ဒိယသမုဒ္ဒရာအတွင်း ဓာတုပစ္စည်းတင်သင်္ဘောကို အီရန်မောင်းသူမဲ့ လေယာဉ် တိုက်ခိုက်ခဲ့သည်ဆိုသော အမေရိကန်နိုင်ငံ၏စွပ်စွဲချက်ကို အီရန်ငြင်းပယ်

**တီဟီရန် ဒီဇင်ဘာ ၂၆**

အိန္ဒိယသမုဒ္ဒရာဒေသအတွင်း ဓာတုပစ္စည်းတင်သင်္ဘောတစ်စီးကို အီရန်မောင်းသူမဲ့ လေယာဉ်တိုက်ခိုက်ခဲ့သည်ဆိုသော အမေရိကန်နိုင်ငံ၏ စွပ်စွဲချက်ကို အီရန်နိုင်ငံက ဒီဇင်ဘာ ၂၅ရက်တွင် ငြင်းပယ်ခဲ့ကြောင်း သိရသည်။

လိုက်ဘေးရီးယား မှတ်ပုံတင် ဂျပန်နိုင်ငံပိုင် ကမ်ပလူတိုအမည်ရှိ ဓာတုပစ္စည်းတင်သင်္ဘောကို ဒီဇင်ဘာ ၂၃ ရက်တွင် အီရန်မောင်းသူမဲ့လေယာဉ်တစ်စင်းက တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

သို့သော် အမေရိကန်နိုင်ငံ၏ စွပ်စွဲချက်မှာ အခြေအမြစ်ကင်းမဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်နိုင်ငံအနေဖြင့် အီရန်ကို အခြေအမြစ်မရှိ စွပ်စွဲနေမည့်အစား အစ္စရေး၏ ဂါဇာစစ်ပွဲ၌ ၎င်းပါဝင်မှုအခန်းကဏ္ဍအတွက် စွပ်စွဲချက်များကို ရင်ဆိုင်ဖြေရှင်းသင့်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ကမ်ပလူတို ဓာတုပစ္စည်းတင်သင်္ဘောတိုက်ခိုက်ခံရမှုသည် အိန္ဒိယကမ်းရိုးတန်းနှင့် ရေမိုင် ၂၀၀အကွာတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် သင်္ဘောပေါ်တွင် မီးလောင်ကျွမ်းမှုတစ်ခု ဖြစ်ပွားခဲ့သော်လည်း ရေယာဉ်ဝန်ထမ်းများ အထိအခိုက်မရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## တောင်တရုတ်ပင်လယ်၌ ပဋိပက္ခဖန်တီးနေခြင်း မရှိကြောင်း ဖိလစ်ပိုင်စစ်ဘက်ပြောကြား

**မနီလာ ဒီဇင်ဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံ အနေဖြင့် တောင်တရုတ် ပင်လယ်ဒေသ၌ ပဋိပက္ခဖန်တီးမည်မဟုတ်ကြောင်း ဖိလစ်ပိုင်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ပင်လယ်ရေပြင်နယ်နိမိတ်ကို ဖိလစ်ပိုင်က ချိုးဖောက်နေကြောင်း တရုတ်နိုင်ငံကပြောကြားခဲ့ပြီးနောက် ဖိလစ်ပိုင်နိုင်ငံ၏ အဆိုပါတုံ့ပြန်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

ပြီးခဲ့သည့် လများအတွင်း ပိုင်ဆိုင်ခွင့်အငြင်းပွား တောင်တရုတ်ပင်လယ် ရေပြင်ဒေသ၌ ပေါ်ပေါက်ခဲ့သည့် ရေကြောင်းထိပ်တိုက် ရင်ဆိုင်မှုများအတွက် တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့က တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန်စွပ်စွဲပြစ်တင်လျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံ အနေဖြင့် တောင်တရုတ်ပင်လယ်၌ ပဋိပက္ခဖန်တီးနေခြင်း မဟုတ်ကြောင်း၊ မိမိတို့ပိုင်နက် ရေပြင်အတွင်း နိုင်ငံတကာ ဥပဒေများနှင့်အညီ ပြည်တွင်းဥပဒေကို ဖော်ဆောင်နေခြင်းသာဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

သို့သော် ဖိလစ်ပိုင်နိုင်ငံသည် စက္ကင်းသောမတ်အမည်ရှိ ရေမြှုပ်သဲသောင်ဆွယ် နယ်မြေဆီသို့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများပို့ဆောင်ခြင်းဖြင့် တင်းမာမှုများ ဖန်တီးနေကြောင်း ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် စက္ကင်းသောမတ်နယ်မြေ၌ စစ်သင်္ဘောဟောင်းတစ်စီးကို ၁၉၉၉ခုနှစ်တွင် သောင်ထိုးနေရာယူ၍ ရိက္ခာပစ္စည်းများ ပုံမှန်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

## အာရေဗီးယန်းပင်လယ်ရေပြင်အတွင်း ပဲ့ထိန်းဒုံးကျည်တင် စစ်သင်္ဘောများဖြန့်ကြက်ရန် အိန္ဒိယရေတပ်စီစဉ်

**ဒေလီ ဒီဇင်ဘာ ၂၆**



အိန္ဒိယကမ်းရိုးတန်းကမ်းလွန်၌ အစ္စရေးနိုင်ငံနှင့်ပတ်သက်နေသည့် ဓာတုပစ္စည်းတင် ကုန်သင်္ဘောတစ်စီး တိုက်ခိုက်ခံခဲ့ရပြီးနောက် အာရေဗီယန်း ပင်လယ်ရေပြင်အတွင်း ပဲ့ထိန်းဒုံးကျည်တင် စစ်သင်္ဘောများ ဖြန့်ကြက်ရန် အိန္ဒိယရေတပ်က စီစဉ်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

အာရေဗီးယန်း ပင်လယ်ဒေသ၌ ကုန်တင်သင်္ဘောများ တိုက်ခိုက်ခံရမှုကြောင့် ယင်းပင်လယ်ရေပြင်ဒေသသို့ ပဲ့ထိန်းဒုံးကျည်တင် ဖျက်သင်္ဘောသုံးစီး စေလွှတ်ရန် စီစဉ်ထားသည်ဟု အိန္ဒိယရေတပ်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် အိန္ဒိယရေတပ်သည် ကမ်ပလူတိုသင်္ဘော တိုက်ခိုက်ခံရမှုဖြစ်စဉ်ကို အသေးစိတ်စုံစမ်းစစ်ဆေးလျက်ရှိသည်။

ကမ်ပလူတိုသင်္ဘောကို အီရန်မောင်းသူမဲ့ လေယာဉ်တစ်စင်းက ဒီဇင်ဘာ ၂၃ ရက်တွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။


အိန္ဒိယနိုင်ငံအနေဖြင့် အိန္ဒိယသမုဒ္ဒရာဒေသရေလမ်းကြောင်းများ လုံခြုံရေးကိုထိန်းသိမ်းရန် တာဝန်ရှိသည်ဟု အိန္ဒိယရေတပ်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကမ်ပလူတိုဓာတုပစ္စည်းတင်ကုန်တင်သင်္ဘောသည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းဆိပ်ကမ်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## အိုင်စတိုင်း အာကာသရေဒီယိုတယ်လီစကုပ်သစ်က X-ray ရောင်ခြည်ပေါက်ကွဲမှုများကို စူးစမ်းလေ့လာမည်



**ပဲရစ် ဒီဇင်ဘာ ၂၆**

အိုင်စတိုင်းအမည်ရှိ အာကာသရေဒီယို တယ်လီစကုပ်သစ်သည် ဆန်းသစ်သည့် စူးစမ်းလေ့လာရေးစနစ်များအသုံးပြု၍ X-ray ရောင်ခြည်ပေါက်ကွဲမှုများကို စူးစမ်းလေ့လာမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

X-ray ရောင်ခြည် ပေါက်ကွဲမှုများသည် အာကာသဖြဲပ်ထည်များကို အာကာသတွင်းနက်များက ဝါးမျိုချိန်၊ ချူထရွန်ကြယ်များ တစ်စင်းနှင့်တစ်စင်း ဝင်တိုက်ချိန်၊ ရောမကြယ်ကြီးများ ပေါက်ကွဲချိန်တို့တွင် ပေါ်ထွက်လာတတ်သည့် အာကာသပေါက်ကွဲမှုများ ဖြစ်ကြောင်း သိရသည်။

အိုင်စတိုင်း အာကာသရေဒီယို တယ်လီစကုပ်စီမံကိန်းကို ဥရောပအာကာသအေဂျင်စီ၊ ဂျာမနီမက်စ်ပလန့်ခ်အင်စတီကျူနှင့် တရုတ်သိပ္ပံအကယ်ဒမီတို့ ပူးပေါင်းအကောင်အထည်ဖော် နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသရေဒီယို တယ်လီစကုပ်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင်လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

စကြဝဠာကြီး၏ အမြင်းထန်ဆုံး နက္ခတ္တဗေဒဖြစ်စဉ်များကို နားလည်ရေးအတွက် အိုင်စတိုင်းအာကာသရေဒီယိုတယ်လီစကုပ်ကဲ့သို့ စူးစမ်းလေ့လာရေးစနစ်တစ်မျိုး လိုအပ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားထားသည်။

အိုင်စတိုင်း အာကာသရေဒီယို တယ်လီစကုပ်၌ အာရုံခံစားနိုင်စွမ်းမြင့်မားသော မျိုးဆက်သစ် X-ray ရောင်ခြည် လေ့လာရေးကိရိယာများ တပ်ဆင်ထားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## လကမ္ဘာသို့ လူသားများစေလွှတ်ရေးအတွက်လွှတ်တင်မည့် အားတီးမစ်-၂ မစ်ရှင်တွင် နိုင်ငံတကာအာကာသယာဉ်မှူးတစ်ဦးကိုပါ ထည့်သွင်းရန် နာဆာ စီစဉ်

**ဝါရှင်တန် ဒီဇင်ဘာ ၂၆**


ယခု ၁၀ စုနှစ်ကုန်တွင် လကမ္ဘာပေါ်သို့ လူသားများစေလွှတ်ရေးအတွက် လွှတ်တင်မည့် အားတီးမစ်-၂ မစ်ရှင်တွင် နိုင်ငံတကာအာကာသယာဉ်မှူးတစ်ဦးကိုပါ ထည့်သွင်းရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က စီစဉ်ထားကြောင်း ဒီဇင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့၏ ဆုံးဖြတ်ချက်ကြောင့် အမေရိကန်နိုင်ငံသား မဟုတ်သည့် ပထမဆုံးနိုင်ငံတကာ အာကာသယာဉ်မှူးတစ်ဦး လကမ္ဘာပေါ်သို့ ခြေချခွင့်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် အားတီးမစ်-၂ မစ်ရှင်၌ထည့်သွင်းမည့် နိုင်ငံတကာ အာကာသယာဉ်မှူးကို နာဆာက ကြေညာခြင်းမရှိသေးပေ။

နာဆာအဖွဲ့သည် အားတီးမစ်-၃ မစ်ရှင်ဖြင့် လပေါ်သို့လူသားများ မစေလွှတ်မီ အားတီးမစ်-၂ မစ်ရှင်ကို လွှတ်တင်မည်ဖြစ်သည်။

အားတီးမစ်-၂ မစ်ရှင်တွင် အာကာသယာဉ်မှူးများ လိုက်ပါမည့် အိုရီယွန်အာကာသယာဉ်သည် လကမ္ဘာအလွန်ထိ ပျံသန်း၍ ကမ္ဘာမြေပြင်သို့ ပြန်လှည့်မည်ဖြစ်ကြောင်း သိရသည်။



အားတီးမစ်-၃ မစ်ရှင်ကိုမူ ၂၀၂၇ ခုနှစ်တွင် လွှတ်တင်ရန် နာဆာအဖွဲ့က ရည်ရွယ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ဂျပန်အာကာသအေဂျင်စီ၏ SLIM လဆင်းယာဉ် လပတ်လမ်းအတွင်း ဝင်ရောက်နိုင်ခဲ့

**တိုကျို ဒီဇင်ဘာ ၂၆**

ဂျပန် အာကာသအေဂျင်စီ၏ SLIM အမည်ရှိ လဆင်းယာဉ်သည် ဒီဇင်ဘာ ၂၅ ရက်တွင် စီစဉ်ထားသည့်အတိုင်း လပတ်လမ်းအတွင်း ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။



SLIM လဆင်းယာဉ် လပတ်လမ်းအတွင်း ဝင်ရောက်နိုင်မှုကို ဂျပန် အာကာသအေဂျင်စီက အတည်ပြု သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိရယူထားသည့် ပတ်လမ်းအနေအထားအရ SLIM လဆင်းယာဉ်သည် ၆ ဒသမ ၄ နာရီလျှင် တစ်ပတ်နှုန်းဖြင့် လကို လှည့်ပတ်နေမည်ဖြစ်သည်။

SLIM လဆင်းယာဉ်သည် လမျက်နှာပြင်နှင့် ၃၇၃ မိုင်အကွာ ပတ်လမ်းပေါ်တွင် နေရာယူထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လဆင်းယာဉ်သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် လမျက်နှာပြင်ပေါ်ဆင်းသက်ရန် ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

ဆင်းသက်မှုအောင်မြင်ခဲ့ပါက ဂျပန်နိုင်ငံသည် လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ်စေလွှတ်နိုင်သည့် ပဉ္စမမြောက် ကမ္ဘာ့နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အမေရိကန်၊ ရုရှား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ကသာ လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ်များ စေလွှတ်ထားနိုင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## စီးကရက်သောက်သုံးမှုက အဆုတ်ကင်ဆာအပြင် Dementia ဖြစ်နိုင်ခြေနှင့်ပါ ဆက်စပ်နေ

**နယူးယောက် ဒီဇင်ဘာ ၂၆**

စီးကရက် သောက်သုံးမှုသည် အဆုတ်ကင်ဆာရောဂါဖြစ်နိုင်ခြေနှင့် ဆက်စပ်မှုရှိသကဲ့သို့ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေနှင့်လည်း ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် စီးကရက်သောက်သုံးမှုကြောင့် ဦးနှောက်ဖြဲပ်ထုနှင့် ထုထည်ဆုံးရှုံးမှုရှိမရှိ ဖော်ထုတ်ရန် လူပေါင်း ၃၂၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ စီးကရက်သောက်သုံးမှုကြောင့် ဦးနှောက်အရွယ်အစား ကျုံ့ဝင်သွားနိုင်ပြီး Dementia ရောဂါဖြစ်နိုင်ခြေလည်း မြင့်တက်လာနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ စီးကရက်သောက်သုံးမှုကြောင့် Dementia ရောဂါဖြစ်နိုင်ခြေ ၁၄ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကမ္ဘာတစ်ဝန်းဖြစ်ပွားသည့် Dementia ရောဂါ ဖြစ်စဉ်များအနက် ၁၄ ရာခိုင်နှုန်းမှာ စီးကရက်သောက်သုံးမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

ဆေးလိပ်သောက်သုံးမှုသည် ပြောင်းလဲ၍ရနိုင်သော ရောဂါနောက်ခံအကြောင်းတရားတစ်မျိုးဖြစ်ရာ ဆေးလိပ်သောက်သုံးမှုကို စွန့်လွှတ်ခြင်းဖြင့် Dementia ရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**

**Trs : KKO**

## ဆီလိုဆိုင်ဘင်းဓာတုဖြဲပ်ပေါင်းထိုးနှံခြင်းဖြင့် နာတာရှည်နာကျင်ကိုက်ခဲမှုကို ကုသပေးနိုင်

**နယူးယောက် ဒီဇင်ဘာ ၂၆**

ပဥ္စလက်မှို (Magic Mushroom) ခေါ် စိတ်ပြောင်းမှိုတစ်မျိုးတွင်ပါဝင်သော ဆီလိုဆိုင်ဘင်း (Psilocybin) ခေါ် ဓာတုဖြဲပ်ပေါင်းတစ်မျိုးကို ထိုးနှံထားခြင်းဖြင့် နာတာရှည် နာကျင်ကိုက်ခဲမှုဝေဒနာကို ကုသပေးနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၂၅ ရက်သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ မစ်ချီဂန်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ဆီလိုဆိုင်ဘင်း၏ အာနိသင်ကို ဖော်ထုတ်ရေးအတွက် ၎င်းဓာတုဖြဲပ်ပေါင်းပါဝင်သည့်ဆေးကို ကြွက်များဖြင့် လက်တွေ့စမ်းသပ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဆီလိုဆိုင်ဘင်းဆေး ကျွေးထားသည့်ကြွက်များသည် ၎င်းဆေးရယူထားခြင်းမရှိသည့်ကြွက်များနှင့် နှိုင်းယှဉ်ပါက သိသိသာသာနှင့်ချီ၍ နာကျင်ကိုက်ခဲမှု ပိုမိုသက်သာလျော့ပါးလာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဆီလိုဆိုင်ဘင်း ဆေးသည် အထက်ပါရလဒ်များအရ ဦးနှောက်တွင်းရှိ နာ့ဗ်ဆဲလ်သတင်းပို့လမ်းကြောင်းများကို ပြောင်းလဲပေးလိုက်သည့်သဘော တွေ့ရကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

နာတာရှည် နာကျင်ကိုက်ခဲမှုပြဿနာသည် ဦးနှောက်နှင့်ကျောရိုးတို့၏ နာ့ဗ်ဆဲလ်စနစ်အပြောင်းအလဲနှင့် သက်ဆိုင်နေနိုင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



နိုင်ငံတကာ
အားကစားသတင်းများ

# ဆိုလန်ကီကို ဟယ်ရီကိန်းနေရာတွင် အစားထိုးရန် စပါးအသင်း ကြိုးပမ်း

**လန်ဒန် ဒီဇင်ဘာ ၂၆**

စပါးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ခဲ့သည့် တိုက်စစ်မှူး ဟယ်ရီကိန်း၏ နေရာတွင် ဘုန်းမောက်အသင်း၌ ခြေစွမ်းပြကစားနေသည့် ဆိုလန်ကီနှင့် အစားထိုးရန် ကြိုးပမ်းနေကြောင်း သိရသည်။

စပါးအသင်းသည် ဟယ်ရီကိန်း ထွက်သွားသော်လည်း ၎င်း၏နေရာကို အစားထိုးနိုင်ခြင်းမရှိဘဲအသင်းမှကစားသမားများဖြင့်သာ ပုံစံကောင်းများရရှိအောင် ကြိုးပမ်းခဲ့ပြီး ယခုအခါ နည်းပြပိုစတီကိုဂလူက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ဘုန်းမောက်အသင်းက နော်တင်ဟမ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်၌ ဘုန်းမောက်အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့သည့် ဆိုလန်ကီကို ခေါ်ယူရန် ပစ်မှတ်ထားခဲ့ပြီး ၎င်းအနေဖြင့် ယခုနှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

နည်းပြပိုစတီကိုဂလူအနေဖြင့် ကနဦးက ဘရိုက်တန်တိုက်စစ်မှူး ဖာဂူဆန်ကိုခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ယခုအခါဆိုလန်ကီ၏ခြေစွမ်းပိုင်းကြောင့် ဖာဂူဆန်ထက်ဆိုလန်ကီကိုသာ ခေါ်ယူသွားရန် ပစ်မှတ်ထားနေပြီး အပြောင်းအရွှေ့ဖြစ်မြောက်ခဲ့ပါက အသင်းဟောင်း လီဗာပူးအသင်းက ပြောင်းရွှေ့ကြေးမှ ၂၀ ရာခိုင်နှုန်းကို ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဆိုလန်ကီသည် ယခုနှစ် ပရီးမီးယားလိဂ်သို့ တန်းတက်လာချိန်တွင် အသင်းအတွက် သွင်းဂိုး ၁၀ ဂိုးထိသွင်းယူနိုင်ခဲ့သောကြောင့် ၎င်းသည် ပြီးခဲ့သည့်ခြောက်နှစ်အတွင်းအဆင့်မြင့်တန်းပြိုင်ပွဲများတွင် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# Hong Kong Open တင်းနစ်ပြိုင်ပွဲမှ ရာအိုနစ် နုတ်ထွက်

**အော့တဝါ ဒီဇင်ဘာ ၂၆**

ကနေဒါအဆင့်(၁) ကစားသမားဟောင်း ရာအိုနစ်သည် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ပထမအပတ်တွင် ဟောင်ကောင်၌ ကျင်းပသွားမည့် Hong Kong Open တင်းနစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်စီစဉ်ထားသော်လည်း ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ မတိုင်မီ ဒဏ်ရာပြန်လည်ရရှိမည်ကို စိုးရိမ်သည့်အတွက် Hong Kong Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ရာအိုနစ်သည် ယခုနှစ်တင်းနစ်ရာသီတွင် ဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူခဲ့ရသလို ပြိုင်ပွဲတော်တော်များများကို လွဲချော်ခဲ့ရပြီး လက်ရှိဒဏ်ရာအခြေအနေကောင်းမွန်ပြီဖြစ်ပြီး ၂၀၂၄ ခုနှစ် တင်းနစ်ရာသီအတွက် ပြင်ဆင်လျက်ရှိသည်။

ရာအိုနစ်သည် Hong Kong Open တင်းနစ်ပြိုင်ပွဲ၌ယှဉ်ပြိုင်ရန် စီစဉ်ခဲ့ပြီး ပြန်လည်နုတ်ထွက်ခဲ့ခြင်းမှာ ဒဏ်ရာပြဿနာကြောင့်ဟု ထုတ်ပြန်ခဲ့သော်လည်း Wildcard မရ၍ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများက ဖော်ပြလျက်ရှိသည်။

ရာအိုနစ်သည် မူလကစီစဉ်ထားသည်မှာဟောင်ကောင်သို့သွားရောက်ကာ Hong Kong Open တင်းနစ်ပြိုင်ပွဲတွင်ယှဉ်ပြိုင်ပြီး ဟောင်ကောင်မှတစ်ဆင့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်အတွက် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့သို့ သွားရောက်မည်ဖြစ်သော်လည်းယခုအခါ ဩစတြေးလျနိုင်ငံသို့တိုက်ရိုက်သွားရန် ဆုံးဖြတ်ခဲ့သည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

## အားကစားသတင်း အတိုအထွာများ

- လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းက ဘင်ဖီကာအသင်းလူငယ်ကစားသမား ဂျာအိုပက်ထရိုအတွက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၁၀၀ ခန့်အသုံးပြုသွားမည်ဖြစ်သော်လည်း အသင်းမှ ကစားသမားများကိုရောင်းချပြီးမှသာ ဂျာအိုပက်ထရိုကို ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။
- အီဂျစ်နိုင်ငံ ပြည်တွင်းဖလားပွဲဖြစ်သည့် စူပါကပ်ဆီမီးဖိုင်နယ်အဆင့်၌ ပိရမစ်အသင်းနှင့် ဖျူးရှားအက်ဖ်စီအသင်းတို့တွေ့ဆုံခဲ့ရာ ပွဲချိန်အတွင်း ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာ ၃၄ ကြိမ်ထိကန်သွင်းပြီးမှသာ အရှုံးအနိုင်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ **ML**

# တတိယအကြိမ်မြောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဆောင်းရာသီတံခွန်စိုက်ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ စတင်ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၆**

တတိယအကြိမ်မြောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဆောင်းရာသီတံခွန်စိုက်ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားရုံ(၁)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်နှင့်မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်တို့က အမှာစကားများ ပြောကြားကာ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးခဲ့ပြီးနောက် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ပြီး အဖွင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲသည် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ပြိုင်ပွဲအမျိုးအစား သုံးမျိုးပါဝင်သည့်ပြိုင်ပွဲဖြစ်ပြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် အမြင့်ဆုံးအဆင့်ဖြစ်သည့် ၁၀ ပေါက်တန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ကျင်းပလေ့ရှိသည့် ခြောက်ပေါက်တန်းနှင့် အမျိုးသမီးလေးပေါက်တန်းပြိုင်ပွဲများထည့်သွင်းကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ အနှံ့အပြားတွင် ခြင်းလုံးအားကစားနည်းကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာရန်နှင့် မျိုးဆက်သစ် ခြင်းလုံးအားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဆောင်းရာသီတံခွန်စိုက်ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ယနေ့မှစတင်ပြီး ဒီဇင်ဘာ ၂၉ ရက်ထိ လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားဦးရေ ၂၁၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပထမ၊ဒုတိယ၊ တတိယဆုများ အသီးသီးချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ယနေ့တွင် နေပြည်တော်၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ နံနက် ၈နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ အုပ်စုပွဲစဉ်များကစားခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းကဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၂၀ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၁၂ ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ကိုးဂိုး တစ်ဂိုးဖြင့်လည်းကောင်းအသီးသီး အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲစဉ်များကစားခဲ့ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊စွမ်းအင်ဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက ပညာရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

ထို့နောက် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)တွင် ဘောလုံးပြိုင်ပွဲအဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီသရေ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**STA**

# စပိန်လာလီဂါဂိုးသွင်းအများဆုံးကစားသမားစာရင်းတွင် ဘယ်လင်ဟမ်၊ မေရိုရယ်နှင့် ဂရစ်ဇ်မန်းတို့ ထိပ်ဆုံး၌ရပ်တည်

**မက်ဒရစ် ဒီဇင်ဘာ ၂၆**

စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၁၈)အပြီးတွင် ဂိုးသွင်းအများဆုံးကစားသမားစာရင်း၌ ရီးရဲလ်မက်ဒရစ်ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်၊ဂီတာဖေးတိုက်စစ်မှူး မေရိုရယ်နှင့် အေတီကိုအသင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းတို့ ထိပ်ဆုံးမှအစဉ်လိုက်ရပ်တည်နေသည်။

ဘယ်လင်ဟမ်သည် ယခုနှစ်မှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့သော်လည်း ၎င်းအနေဖြင့် ပြိုင်ပွဲစုံတွင် ၁၇ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး အသင်းသမိုင်းတွင်လည်း ပွဲအနည်းဆုံးဖြင့် သွင်းဂိုး ၁၀ ဂိုးပြည့်မြောက်ခဲ့သည့် စီရော်နယ်ဒို၏ စံချိန်ကိုလိုက်မီခဲ့သကဲ့သို့ အမှတ်ပေးပြိုင်ပွဲ၌ ၁၃ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့သည်။

ဂီတာဖေးတိုက်စစ်မှူး မေရိုရယ်သည်လည်း အသင်းကိုကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်ကတည်းက ၎င်း၏ သွင်းဂိုးများဖြင့်ကူညီ၍ တန်းဆင်းဇုန်မှလွတ်မြောက်ခဲ့ပြီးနောက် ယခုနှစ်တွင် လည်းအမှတ်ပေးပြိုင်ပွဲ၌ ၁၂ ဂိုးထိသွင်းယူနိုင်ခဲ့သဖြင့်ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး ဂရစ်ဇ်မန်းသည်လည်း ဘာစီလိုနာအသင်းမှထွက်ခွာခဲ့ပြီး နောက်ပိုင်း ယခုနှစ်တွင် ခြေစွမ်းပိုင်းတိုးတက်လာခဲ့ကာ အေတီကိုအသင်းအတွက် ၁၂ ဂိုးသွင်းယူနိုင်ခဲ့သဖြင့် တတိယနေရာ၌ရပ်တည်နေသည်။


အဆိုပါကစားသမားများနောက်တွင် ဂျီရိုနာတိုက်စစ်မှူး ဒိုဘူးက ၁၁ ဂိုး၊အေတီကိုအသင်းတိုက်စစ်မှူး မိုရာတာက ကိုးဂိုး၊ ဗီလာရီးရဲလ်တိုက်စစ်မှူး မိုရီနိုက ရှစ်ဂိုး၊ အိုဆာဆူနာအသင်းတိုက်စစ်မှူး ဘူဒီမာက ရှစ်ဂိုးဖြင့် အစဉ်လိုက်ရပ်တည်နေပြီး တစ်နှစ်တာဂိုးသွင်းအများဆုံးဆုအတွက် အပြိုင်အဆိုင်ဖြစ်နေကြောင်း သိရသည်။



**Ref : Sputnik**
**Trs : ML**

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Boeing ကုမ္ပဏီထံမှ ပထမဆုံး Orca မောင်းသူမဲ့ရေငုပ်သင်္ဘောကြီးကို အမေရိကန်ရေတပ် လက်ခံရရှိ



အမေရိကန်ရေတပ်သည် Boeing ကုမ္ပဏီထံမှ ပထမဆုံးမောင်းသူမဲ့ရေငုပ်သင်္ဘောကြီး Orca Extra Large Unmanned Undersea Vehicle (XLUUV) ကို ကယ်လီဖိုးနီးယားပြည်နယ် Huntington ကမ်းခြေတွင် လက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

XLUUV ရေငုပ်သင်္ဘောသည် ရှုပ်ထွေးပြီး ပြောင်းလဲနေသော ပင်လယ်ရေကြောင်းပိုင်နက်များ တစ်လျှောက်တွင် ရေကြောင်းစိုးမိုးမှုအတွက် ပင်လယ်ရေအောက်မစ်ရှင်များကို တာဝန်ထမ်းဆောင်နိုင်မည့် အလိုအလျောက်မောင်းနှင်နိုင်သော ရေငုပ်သင်္ဘောအမျိုးအစားသစ်ဟုလည်း ဆိုနိုင်သည်။

XLE0 ဟုအမည်ပေးထားသည့် ပထမဆုံး Orca ရေငုပ်သင်္ဘောကို အဆင့်မြှင့်တင်ထားသော ယခုရေငုပ်သင်္ဘောသစ်သည် မတူညီသော ပင်လယ်ရေအောက်လုပ်ဆောင်ချက်များကို လုပ်ဆောင်ရန်အတွက် Modular Payload အပိုင်းနှင့်အတူ ဒီဇယ်-လျှပ်စစ် ဟိုက်ဘရစ်အင်ဂျင်ကို ပေါင်းစပ်တည်ဆောက်ထားသည်။

အလျား ၅၁ ပေ (၁၅ ဒသမ ၅ မီတာ) ရှိသော ရေငုပ်သင်္ဘောသည် ဆက်သွယ်ရေးစနစ်များ၊ အာရုံခံကိရိယာများနှင့်ဆက်စပ်ပစ္စည်းများအပါအဝင် မတူညီသောမစ်ရှင်အလိုက် ပေါင်းစပ်မှုများကို လိုက်လျောညီထွေဖြစ်စေရန်အတွက် ဒီဇိုင်းထုတ်ထားခြင်းလည်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဟာ XLUUV အဖွဲ့အတွက် အလွန်အလုပ်များတဲ့နှစ်ဖြစ်ပြီး ရေတပ်ရဲ့ ပထမဆုံး ရေငုပ်သင်္ဘောကို ပို့ဆောင်ရာမှာ သူတို့ရဲ့ကြိုးစားအားထုတ်မှုက အဆုံးအဖြတ်ပါပဲ။ ဒီရေငုပ်သင်္ဘောအတွက် အရေးကြီးတဲ့ စွမ်းရည်ကိုတပ်ဆင်ပေးရာမှာ Boeing ကုမ္ပဏီ အဖွဲ့သားတွေနဲ့ ဆက်လက်အောင်မြင်ဖို့ မျှော်လင့်နေပါတယ်"ဟု အမေရိကန်ရေတပ် Unmanned Maritime Systems Programme မန်နေဂျာဖြစ်သူ Capt. Scot Searles က ပြောကြားခဲ့သည်။

Orca XLUUV ရေငုပ်သင်္ဘော လွှဲပြောင်းပေးအပ်မှုသည် ယခုလအစောပိုင်းတွင် XLE0 ကို လက်ခံမှု၊ စမ်းသပ်မှု အောင်မြင်စွာ အပြီးသတ်လုပ်ဆောင်နိုင်ခဲ့ပြီးနောက် ဆောင်ရွက်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ရေပေါ်ရေအောက်လေ့ကျင့်မှုများအပါအဝင် ရေငုပ်သင်္ဘောအတွက်ပင်လယ်ရေကြောင်းစမ်းသပ်မှုများကို၂၀၂၃ ခုနှစ် နွေဦးကာလတွင် စတင်နိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်က Boeing ကုမ္ပဏီသည် အမေရိကန်ရေတပ် XLUUV တင်ဒါပြိုင်ပွဲအတွက် အသုံးပြုခဲ့သော Orca ၏ရှေ့ပြေးနမူနာပုံစံ Echo Voyager ရေငုပ်သင်္ဘောကို စတင်သရုပ်ပြသနိုင်ခဲ့သည်။ Echo Voyager ၏ဖွံ့ဖြိုးတိုးတက်မှုကို ၂၀၁၂ ခုနှစ်တွင် ကြေညာခဲ့သည်။ အစီအစဉ်စတင်ချိန်မှစ၍ Echo Voyager သည် မောင်းနှင်လုပ်ဆောင်မှုပေါင်း နာရီ ၁၀၀၀၀ နှင့် ရေမိုင်ရာပေါင်းများစွာကို အလိုအလျောက် ခုတ်မောင်းလုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြီးစီးသွားသောအဆင့်များမှ စုဆောင်းရရှိထားသော အချက်အလက်များကို Orca XLUUV ပထမဆုံးတစ်စီးမှ ငါးစီးထိ အသုံးပြုမည်ဖြစ်ပြီး ၎င်းတို့အားလုံးကို အမေရိကန်ရေတပ်အတွက် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါရေတပ်၏ အဆိုအရ သိရသည်။

"ဒါဟာ Host Vehicle လို့ခေါ်တဲ့ မိခင်ယာဉ်နဲ့ သီးခြားစီလုံးဝလွတ်လွတ်လပ်လပ် လည်ပတ်နိုင်တဲ့ Payload တင်ဆောင်နိုင်မှုမြင့်မားစွာနဲ့ တာဝေးအပြည့်အဝ အလိုအလျောက်ခုတ်မောင်းနှင်နိုင်တဲ့ ရေအောက်ယာဉ်ကိုတီထွင်ဖန်တီးနိုင်တာဟာ ဆယ်စုနှစ်တစ်ခုကျော်ကြာ ရှေ့ဆောင်လုပ်ငန်းရဲ့ အထွတ်အထိပ်အောင်မြင်မှုပါပဲ"ဟု Boeing Maritime and Intelligence Systems ဒုတိယဥက္ကဋ္ဌ Ann Stevens က ပြောကြားခဲ့ကြောင်း သိရသည်။

**US Navy Receives First Orca Drone Submarine From Boeing ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းတပ်ဖွဲ့ ကပစ်လွှတ်သော ATACMS ဒုံးကျည်ကို Azov ပင်လယ်ပေါ်တွင် ရုရှားစစ်ဘက်က ကြားဖြတ်ပစ်ချခဲ့

ရုရှားစစ်ဘက်သည် ယူကရိန်းတပ်ဖွဲ့က ပစ်လွှတ်သော အမေရိကန်ထုတ် ATACMS ဒုံးကျည်ကို Azov ပင်လယ်ပေါ်တွင် ကြားဖြတ်ပစ်ချခဲ့ကြောင်း ရုရှားနိုင်ငံ Kherson ဒေသ အုပ်ချုပ်ရေးမှူးဗလာဒီမာဆယ်လ်ဒိုက တယ်လီဂရမ်ပို့စ်မှတစ်ဆင့် ဒီဇင်ဘာလ ၂၁ ရက်က ကြေညာခဲ့သည်။

အဆိုပါဒုံးကျည်သည် ကရိုင်းမီးယားကျွန်းဆွယ်ကို ရုရှားပြည်မကြီးနှင့် ဆက်သွယ်ပေးသည့် ၁၉ ကီလိုမီတာအကွာရှိ ကရိုင်းမီးယားတံတားဆီသို့ ဦးတည်လာခြင်းဖြစ်ပြီး ယခင်ကလည်း ယူကရိန်းတပ်ဖွဲ့များက အကြိမ်ကြိမ် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ဖူးကြောင်း ရုရှားနိုင်ငံ RT သတင်းဌာနက ဒီဇင်ဘာ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် လျင်မြန်တိကျစွာလုပ်ဆောင်ခဲ့သည်ဟု ဆယ်လ်ဒိုက ၎င်း၏ပို့စ်တွင် ပြောကြားထားပြီး ယူကရိန်းအစိုးရ၏ နောက်ထပ်ရန်စမှုများကို ပျက်ပြားစေခဲ့သည်ဟု ထည့်သွင်းပြောကြားခဲ့သည်။ ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ယခုသတင်းနှင့်ပတ်သက်ပြီး မှတ်ချက်တစ်စုံတစ်ရာ ပြောကြားထားခြင်းမရှိပေ။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က MGM-140 Army Tactical Missile System (ATACMS) ကို ယူကရိန်းသို့ ထောက်ပံ့ရန် စက်တင်ဘာလတွင် သဘောတူခဲ့ပြီး အဆိုပါဒုံးကျည်သည် ရုရှားပိုင်နက်အတွင်းသို့ ပစ်ခတ်တိုက်ခိုက်နိုင်သည့်အတွက် ပဋိပက္ခကိုပိုမိုတင်းမာလာစေနိုင်သည်ဟူသော အစောပိုင်းစိုးရိမ်မှုများကို ဖယ်ရှား၍ သဘောတူခဲ့ခြင်းဖြစ်သည်။ ယူကရိန်းနိုင်ငံသည် အကွာအဝေးမိုင် ၁၀၀ ခန့် (ကီလိုမီတာ ၁၆၀ ခန့်) ထိ တိုက်ခိုက်နိုင်သောဗားရှင်းတစ်မျိုးကို လက်ခံရရှိထားပြီး ATACMS ဒုံးကျည်၏ အမြင့်ဆုံး ရောက်ရှိနိုင်သော မိုင် ၁၉၀ အောက်နည်းပါးသည့် ဗားရှင်းလည်းဖြစ်ကြောင်း သိရသည်။

ယူကရိန်းသမ္မတ ဇီလန်စကီးက ATACMS ဒုံးကျည်ကိုပံ့ပိုးပေးရန် အမေရိကန်ကို အပြင်းအထန်တိုက်တွန်းခဲ့ပြီး ရုရှားခံစစ်စည်းများ၏ နောက်ကွယ်တွင် နက်ရှိုင်းစွာ ထိုးဖောက်တိုက်ခိုက်ရာတွင် ATACMS ကဲ့သို့ တာဝေးပစ်ဒုံးကျည်များ၏ အရေးပါမှုကို အလေးပေးခဲ့သည်။ ယူကရိန်းသမ္မတ ဇီလန်စကီးက အဆိုပါဒုံးကျည်များကို ထိရောက်မှုရှိစွာ တိုက်ပွဲဝင်နိုင်မှုကို သက်သေပြခဲ့ပြီးဖြစ်ကြောင်း အောက်တိုဘာ ၁၇ ရက်က ပထမဆုံးအကြိမ်အဖြစ် ထုတ်ဖော်ချီးကျူးခဲ့ဖူးကြောင်း သိရသည်။



ဒီဇင်ဘာလအစောပိုင်းတွင် ယူကရိန်းသည် လာမည့်လများအတွင်း အမေရိကန်ထံမှရရှိရန် ကြိုးပမ်းနေသည့် စစ်လက်နက်၊ စက်ပစ္စည်းကိရိယာများစာရင်း အပြည့်အစုံကို တင်သွင်းခဲ့သည်။ အဆိုပါစာရင်းတွင် နောက်ထပ်တာဝေးပစ် ATACMS ဒုံးကျည်များ၊ ၁၅၅ မီလီမီတာ အမြောက်ကျည်များ၊ F-16 တိုက်လေယာဉ်များနှင့် အခြားစက်ပစ္စည်းကိရိယာများအပါအဝင် Terminal High Altitude Area Defense (THAAD) လေကြောင်းရန်ကာကွယ်ရေးစနစ်တို့ ပါဝင်သည်။

ယူကရိန်းစစ်ဘက်သည် ပြီးခဲ့သည့်လအနည်းငယ်အတွင်း ကရိုင်းမီးယားကို ဒုံးကျည်နှင့် ဒရုန်းများဖြင့် အပြင်းအထန်တိုက်ခိုက်ခဲ့ကြသည်။ စက်တင်ဘာလတွင် ရုရှားနိုင်ငံ Sevastopol မြို့ရှိ သင်္ဘောကျင်းတစ်ခုကို ယူကရိန်းတို့၏ ခရုဇ်ဒုံးကျည်များဖြင့် ထိမှန်ခဲ့ပြီး ရေတပ်သင်္ဘောနှစ်စီး ပျက်စီးခဲ့ရသည်။ ထိုလနှောင်းပိုင်းတွင် ပင်လယ်နက်ရေတပ်ဌာနချုပ်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။

ပင်လယ်နက်နှင့် ကရိုင်းမီးယားအနောက်မြောက်ပိုင်းတို့၌ အောက်တိုဘာလတွင် ယူကရိန်းတို့က ပစ်လွှတ်တိုက်ခိုက်လာသောဒရုန်းများ ဒါဇင်နှင့်ချီ၍ ဖျက်ဆီးခံခဲ့ရသည်။ ဒီဇင်ဘာလတွင်လည်း ကရိုင်းမီးယားကျွန်းဆွယ်တွင် အလားတူတိုက်ခိုက်မှု အများအပြား ဖြစ်ပွားခဲ့သေးသည်။ အဆိုပါ တိုက်ခိုက်မှုများအားလုံးကို အောင်မြင်စွာ ချေမှုန်းဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

**Russian military shoots down ATACMS missile – governor ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# စစ်ရေးစွမ်းဆောင်ရည်မြှင့်တင်လျက်ရှိသော မြောက်ကိုရီးယား

မောင်သောင်းဝင်း(တမန်ဟောင်း)



ဒုံးကျည်စမ်းသပ်မှုများ ပိုမိုလုပ်ဆောင်လာခြင်း၊ တရုတ်၊ ရုရှားတို့နှင့် ဆက်ဆံရေးကို ရှတ်ခြည်းတိုးမြှင့်လာခြင်းနှင့် အမေရိကန်၊ တောင်ကိုရီးယားတို့နှင့် သံခင်းတမန်ခင်းဆိုင်ရာ ဆက်ဆံရေးများဆိုးရွားလာခြင်းတို့သည် ၂၀၂၃ ခုနှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံ၏ နိုင်ငံရေးဆိုင်ရာအလားအလာပင်ဖြစ်သည်။

အခြားကမ္ဘာ့နိုင်ငံများသည် ယူကရိန်းနှင့်ဂါဇာ အရေးအခင်းတို့ကြောင့် စိတ်အာရုံထွေပြားနေသည့်အချိန်တွင် မြောက်ကိုရီးယားနိုင်ငံသည် စစ်လက်နက်များ တိုးချဲ့တည်ဆောက်လျက်ရှိသည့်အပြင် စစ်အေးကာလ မဟာမိတ်နိုင်ငံများနှင့်လည်း ဆက်ဆံရေးခိုင်မြဲအောင် တည်ဆောက်လာလျက်ရှိသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် တာဝန်ရှိသူများကို နည်းဗျူဟာမြောက် ချူကလီးယားလက်နက်များ တိုးချဲ့ထုတ်လုပ်ရန် တိုက်တွန်းခဲ့ပြီး တောင်ကိုရီးယားနိုင်ငံကို ၎င်း၏ရန်သူစစ်စစ်အဖြစ် နာမည်တပ်ခေါ်ဆိုမှုများဖြင့် ၂၀၂၃ ခုနှစ်ကို စတင်ခဲ့ခြင်းဖြစ်သည့်အတွက် ယခင်တောင်ကိုရီးယားသမ္မတဟောင်း မွန်ဂျေအင်းလက်ထက်ကလို ကိုရီးယား နှစ်နိုင်ငံပြန်လည်ပေါင်းစည်းရေး ကြိုးပမ်းမှုများကို အနည်းငယ်မျှပင် စိတ်ပါဝင်စားမှုမရှိတော့ကြောင်း ပြသခဲ့သည်။

စင်စစ်အားဖြင့် မြောက်ကိုရီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်က ပြုလုပ်သည့် စစ်ရေးပြအခမ်းအနားတွင် ဒုံးကျည်အသစ် လေးစင်းကို ထုတ်ဖော်ပြသခဲ့သည့်အပြင် တာဝေးပစ်ဒုံးကျည် စမ်းသပ်ပစ်ခတ်ခဲ့ရာ ဂျပန်၏အထူးစီးပွားရေးဇုန်အတွင်းသို့ ကျရောက်ခဲ့သည်။

တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့်တွေ့ဆုံဆွေးနွေးရန် ၂၀၂၃ ခုနှစ် ဧပြီ ၂၄ ရက်မှ ၂၉ ရက်ထိ အမေရိကန်သို့သွားရောက်ခဲ့ပြီးနောက် တောင်ကိုရီးယားအပေါ် မြောက်ကိုရီးယား၏ ဒေါသူပုန်သည် ပိုမိုကြီးထွားလာခဲ့သည်။ ခေါင်းဆောင်နှစ်ဦးကြား ထိပ်သီးဆွေးနွေးပွဲပြုလုပ်ပြီးနောက် ထုတ်ပြန်သည့် တောင်ကိုရီးယား-အမေရိကန် ပူးတွဲကြေညာချက်အပေါ် တုံ့ပြန်သည့်အနေဖြင့် ကင်ဂျုံအန်၏ညီမဖြစ်သူ ကင်ယိုဂျုန်းက အဆိုပါထုတ်ပြန်ချက်သည် အရှေ့မြောက်အာရှ၏ ငြိမ်းချမ်းမှုနှင့်လုံခြုံမှုအပေါ် သက်ရောက်မှုဖြစ်ပေါ်စေမည်ဖြစ်သည့်အပြင် ကမ္ဘာကြီးအနေဖြင့်လည်း ပြင်းထန်သောအန္တရာယ်များနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမေရိကန်နှင့် တောင်ကိုရီးယားတို့၏အပြုအမူကို မည်သည့်အခါမျှ ကြိုဆိုသွားမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ယွန်ဆွတ်ယိုးအစိုးရသည် အမေရိကန်၊ ဂျပန်တို့နှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထူထောင်လျက်ရှိသောကြောင့် ကင်ဂျုံအန်အစိုးရသည် ၎င်း၏အာရုံစူးစိုက်မှုကို မဟာမိတ်နိုင်ငံဟောင်းများဖြစ်သည့် ရုရှားနှင့်တရုတ်တို့အပေါ် ပိုမိုအလေးထားလာခဲ့သည်။

ကင်ဂျုံအန်သည် ယူကရိန်းအရေးတွင် ရုရှားနိုင်ငံကို ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ၎င်းက ရုရှားအနေဖြင့် ကိုလိုနီများကို တိုက်ခိုက်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ၂၀၂၃ ခုနှစ် ဧပြီလတွင် တရုတ်သမ္မတရှီကျင့်ဖျင်က မဟာဗျူဟာမြောက် ဆက်သွယ်မှုများတောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခြင်းနှင့် တရုတ်-မြောက်ကိုရီးယား ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးတွဲလမ်းညွှန်ခြင်းအားဖြင့် မြောက်ကိုရီးယားနှင့် နှစ်နိုင်ငံဆက်ဆံရေးကို အဆင့်သစ်တစ်ရပ်ထိ တိုးမြှင့်သွားရန် ဆန္ဒရှိကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားနှင့်တရုတ်တို့သည် ၂၀၂၃ ခုနှစ် ဇွန်လအတွင်း မြောက်ကိုရီးယား၏ ဂြိုဟ်တုလွှတ်တင်မှုအပေါ် အမေရိကန်၏ရှုတ်ချပြောဆိုမှုကို လျစ်လျူရှုလျက် မြောက်ကိုရီးယားနိုင်ငံကို လူသိရှင်ကြားပင် ထောက်ခံခဲ့သည့်အပြင် အမေရိကန်ကို တင်းမာမှုများ မြင့်တက်လာစေရန် လုပ်ဆောင်လျက်ရှိသည်ဟုပင် ပြစ်တင်ဝေဖန်ခဲ့သေးသည်။

၂၀၂၃ ခုနှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံအတွက် အရေးကြီးဆုံးသော မိတ်ဖက်နိုင်ငံသည် ရုရှားနိုင်ငံပင်ဖြစ်သည်။ ကင်ဂျုံအန်သည် ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ၂၀၂၃ ခုနှစ် ဂူလိုင် ၂၅ ရက်မှ ၂၇ ရက်အတွင်း ပြုံယမ်းမြို့၌ လက်ခံတွေ့ဆုံခဲ့သည်။ ထို့နောက် ကင်ဂျုံအန်သည် ရုရှားသမ္မတပူတင်နှင့်တွေ့ဆုံဆွေးနွေးရန် စက်တင်ဘာ ၁၂ ရက်မှ ၁၇ ရက်ထိ ရုရှားနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည့်အချိန်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် သိသိသာသာ နက်ရှိုင်းလာခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် စစ်ဘက်နှင့် အခြားသောနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားရန် ကတိကဝတ်ပြုခဲ့ကြသည်။ ရုရှားခေါင်းဆောင်သည် မြောက်ကိုရီးယားနိုင်ငံ၏အာကာသ အစီအစဉ်ကို အကူအညီပေးသွားရန်ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အပြန်အလှန်အားဖြင့် မြောက်ကိုရီးယားနိုင်ငံသည် ယူကရိန်းပဋိပက္ခအတွက် ရုရှားနိုင်ငံကို အမြောက်ကျည်ဆန်များ ပံ့ပိုးကူညီသွားရန် သဘောတူညီခဲ့သည်ဟုဆိုသည်။

အောက်တိုဘာလတွင် တောင်ကိုရီးယား၊ အမေရိကန်နှင့်ဂျပန်တို့က မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ယူကရိန်းပဋိပက္ခတွင် အသုံးပြုရန် ရုရှားနိုင်ငံသို့ လက်နက်ခဲယမ်းများ အကြိမ်ကြိမ်ပေးပို့ခဲ့ကြောင်း အတည်ပြုခဲ့ပြီး ရှုတ်ချခဲ့ကြသည်။ အလားတူ အမေရိကန်ကလည်း မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ လက်နက်ခဲယမ်းနှင့် စစ်သုံးပစ္စည်းကွန်တိန်နာ ၁၀၀၀ ကျော်ပေးပို့ကာ ပံ့ပိုးကူညီခဲ့သည်ဟု စွပ်စွဲပြောကြားခဲ့သော်လည်း မြောက်ကိုရီးယားကမူ အဆိုပါ အခိုင်အမာပြောဆိုမှုများကို ပယ်ချခဲ့သည်။

မြောက်ကိုရီးယားနှင့် ရုရှားတာဝန်ရှိသူများသည် ယခုနှစ် နိုဝင်ဘာလတွင် စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးချဲ့သွားရန် ထပ်မံဆွေးနွေးခဲ့ကြသည်။ ကင်ဂျုံအန်၏ ခရီးစဉ်ပြီးကတည်းက ရုရှားနိုင်ငံနှင့် ကုန်သွယ်မှုသည် တိုးတက်လျက်ရှိသည်။ တရုတ်ကုန်သည်များသည် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားပြီးနောက်ပိုင်း မြောက်ကိုရီးယားနိုင်ငံသို့ ပြန်လည်ဝင်ရောက်ကာ ရင်းနှီးမြှုပ်နှံမှုများ စတင်လုပ်ဆောင်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံကို အကူအညီများဆက်လက်ပေးအပ်သွားဖွယ် ရာ ရှိနေသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ကာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ဂြိုဟ်တုလွှတ်တင်မှုကို ပထမဆုံးအကြိမ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်တွင် မြောက်ကိုရီးယားနိုင်ငံပိုင် ဗဟိုရုပ်သံ၏ ထုတ်ပြန်သောဓာတ်ပုံများအရ မြောက်ကိုရီးယားစစ်ဘက် သူလျှိုဂြိုဟ်တုသည် ၁၀ ရက်ကြာ တာဝန်ထမ်းဆောင်သွားမည်ဖြစ်ပြီး ဓာတ်ပုံများပေးပို့နေပြီဖြစ်သည်ဟု ထုတ်ပြန်ထားသည်။

တောင်ကိုရီးယား ထောက်လှမ်းရေးအေဂျင်စီက ရုရှားနိုင်ငံကို မြောက်ကိုရီးယား၏ ဂြိုဟ်တုလွှတ်တင်မှုအတွက် လိုအပ်သည်များ ပံ့ပိုးကူညီခဲ့ကြောင်း စွပ်စွဲပြောကြားခဲ့သည့်အပြင် ယွန်ဆွတ်ယိုးအစိုးရကလည်း မြောက်ကိုရီးယား၏ ဂြိုဟ်တုလွှတ်တင်ပြီးနောက်ပိုင်း ၂၀၁၈ ခုနှစ်တွင် သဘောတူညီထားသည့် ကိုရီးယားနှစ်နိုင်ငံ ပြီးပြည့်စုံသောစစ်ဘက်ဆိုင်ရာ သဘောတူညီချက်ကို တစ်စိတ်တစ်ဒေသအားဖြင့် ဆိုင်းငံ့သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ တုံ့ပြန်ချက်သည် အန္တရာယ်ရှိသောလားရာကို ဦးတည်စေလျက်ရှိသည်။ ၂၀၁၈ ခုနှစ် သဘောတူညီချက်အရ မြောက်ကိုရီးယားနှင့်တောင်ကိုရီးယားနိုင်ငံတို့သည် မပျံသန်းရဇုန်များ၊ ပင်လယ်ရေကြောင်းဆိုင်ရာ ငြိမ်းချမ်းမှုဇုန်များ သတ်မှတ်ခြင်း၊ လုံခြုံရေးစခန်းများဖယ်ရှားခြင်းနှင့် ရန်လိုသောလှုပ်ရှားမှုများ ရပ်ဆိုင်းခြင်းအားဖြင့် နယ်စပ်တစ်လျှောက်တွင် ရန်လိုသောလှုပ်ရှားမှုအားလုံး ရပ်ဆိုင်းသွားရန်သဘောတူညီထားရှိသည်။ သို့သော် လက်ရှိအချိန်တွင် မြောက်ကိုရီးယားနိုင်ငံသည် စစ်ရေးဆိုင်ရာတင်းမာမှုများနှင့် ပဋိပက္ခများ လျှော့ချနိုင်ရေးအတွက် စစ်ရေးခြေလှမ်းများကို နောက်ဆုတ်ခဲ့သော်လည်း ကင်းထောက်ဂြိုဟ်တုများ လွှတ်တင်သွားမည်ဖြစ်ကြောင်း ကြေညာသွားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်တွင် မကြာသေးမီကဖြစ်ပေါ်ခဲ့သော တိုးတက်ပြောင်းလဲလာမှုများကြောင့် နှစ်နိုင်ငံ နယ်စပ်ဒေသတွင် ပွတ်တိုက်မှုများဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်များ မြင့်တက်လာခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားစမ်းသပ်မှုအပါအဝင် လက်နက်စမ်းသပ်ပစ်ခတ်မှုများ ပိုမိုလုပ်ဆောင်လာဖွယ်ရာရှိနေသည်။

မြောက်ကိုရီးယားအတွက် အရေးကြီးဆုံးသောအရာမှာ အမေရိကန်သမ္မတသည် မြောက်ကိုရီးယားဆိုင်ရာမူဝါဒအပြောင်းအလဲ လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ လက်နက်ထိန်းချုပ်မှုနှင့် နျူကလီးယားဖြုတ်သိမ်းရေးကို ခေတ္တဆိုင်းငံ့လျက် လိုက်လျောမှုများ လုပ်ဆောင်လာနိုင်သည့်မူဝါဒ ချမှတ်ခြင်းပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေ အမေရိကန်သမ္မတများအနေဖြင့် မြောက်ကိုရီးယားဆိုင်ရာ မူဝါဒအပြောင်းအလဲ မလုပ်ဆောင်ဘဲ ပိတ်ဆို့မှုများကိုသာ ဆက်လက်လုပ်ဆောင်လျက်ရှိသဖြင့် မြောက်ကိုရီးယားနိုင်ငံသည် ရုရှား၊ တရုတ်တို့နှင့်နီးကပ်သော မိတ်ဖက်ဆက်ဆံရေးတိုးမြှင့်တည်ဆောက်ပြီး စစ်ရေးဆိုင်ရာစွမ်းဆောင်ရည်များ ရှတ်ခြည်းမြှင့်တင် တည်ဆောက်လာလျက်ရှိသည်။ သို့သော် ၂၀၁၈ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် ပြီးပြည့်စုံသော စစ်ရေးဆိုင်ရာသဘောတူညီချက်ကို ခေတ္တဆိုင်းငံ့ထားသည့်လုပ်ဆောင်မှုက ကိုရီးယားကျွန်းဆွယ်၏ လုံခြုံရေးအခြေအနေသည် ၂၀၂၄ ခုနှစ်တွင် ပိုမိုဆိုးရွားလာဖွယ်ရာရှိကြောင်း ပြသလျက်ရှိပေသည်။

**❖ အမေရိကန်သမ္မတများအနေဖြင့် မြောက်ကိုရီးယားဆိုင်ရာမူဝါဒ အပြောင်းအလဲမလုပ်ဆောင်ဘဲ ပိတ်ဆို့မှုများကိုသာ ဆက်လက်လုပ်ဆောင်လျက်ရှိသဖြင့် မြောက်ကိုရီးယားနိုင်ငံသည် ရုရှား၊ တရုတ်တို့နှင့် နီးကပ်သော မိတ်ဖက်ဆက်ဆံရေးတိုးမြှင့်တည်ဆောက်ပြီး စစ်ရေးဆိုင်ရာ စွမ်းဆောင်ရည်များ ရှတ်ခြည်းမြှင့်တင်တည်ဆောက်လာလျက်ရှိသည်။ သို့သော် ၂၀၁၈ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် ပြီးပြည့်စုံသောစစ်ရေးဆိုင်ရာ သဘောတူညီချက်ကို ခေတ္တဆိုင်းငံ့ထားသည့်လုပ်ဆောင်မှုက ကိုရီးယား ကျွန်းဆွယ်၏ လုံခြုံရေးအခြေအနေသည် ၂၀၂၄ ခုနှစ်တွင် ပိုမိုဆိုးရွား လာဖွယ်ရာရှိကြောင်း ပြသလျက်ရှိပေသည်။ ❖**

အမှန်တော့ မြောက်ကိုရီးယားစစ်ဘက်သည် ကင်ဂျုံအန် စတင်တာဝန်ထမ်းဆောင်သည့် ၂၀၁၁ ခုနှစ်ကတည်းက သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများ စတင်လုပ်ဆောင်လျက်ရှိသည်။ နျူကလီးယားလက်နက်ကို နိုင်ငံရေးလက်နက်မှသည် စစ်ရေးဆိုင်ရာလက်နက်အဖြစ် ပြောင်းလဲခြင်းသည် ၎င်း၏ နျူကလီးယားဟန့်တားမှု စွမ်းဆောင်ရည်မြှင့်တင်ရန် အလေးထား ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် သမားရိုးကျလက်နက်များအပေါ် မှီခိုမှုလျှော့ချပြီး နျူကလီးယားလက်နက်များနှင့် ဒုံးကျည်များ ဆန်းသစ်တီထွင် သုတေသနပြု တိုးတက်ထုတ်လုပ်ခြင်းအားဖြင့် စစ်ရေးစွမ်းဆောင်ရည်များ တိုးတက်အောင် ကြိုးပမ်းတည်ဆောက်လျက်ရှိပေသည်။

**ကိုးကား**

- **Pyongyang's pivot back to military tensions By Asia Times.**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ခရစ္စမတ်ပိတ်ရက်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူဦးရေ ၂၀၀၀၀ ကျော် လာရောက်ခဲ့



**ညောင်ဦး ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ခရစ္စမတ်ပိတ်ရက်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူဦးရေ ၂၀၀၀၀ ကျော် လာရောက်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန(ပုဂံရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်က ပြောပြ၍ သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ယခုနှစ်တွင် ဘုရားဖူးလာရောက်သူ များပြားလျက်ရှိပြီး ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရ သမိုင်းဝင်ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ အဆက်မပြတ်ဝင်ရောက်လျက်ရှိကာ သီတင်းကျွတ်ရုံးပိတ်ရက်၊ တန်ဆောင်တိုင်ရုံးပိတ်ရက်၊ ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် ခရီးသွားဧည့်သည်များ ပိုမိုစည်ကားလေ့ရှိကြောင်း သိရသည်။

"အခုရက်ပိုင်း ဘုရားဖူးတွေ အတော်များလာတယ်။ ဟဲဟိုး၊ တကောင်း၊ တောင်ကြီး၊ ဟိုပုံး၊ နတ်မောက်၊ မကွေး၊ ပဲခူး၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မြင်းခြံ၊ လှိုင်၊ လားရှိုး၊ ရေစကြို၊ တောင်သာ၊ မြင်းခြံ၊ သိန်းနီမြို့၊ ကွမ်လုံမြို့၊ လောက်ကိုင်မြို့ စတဲ့မြို့တွေကနေ လာရောက်ကြတယ်လို့ သိရပါတယ်။ တုရင်တောင်စွယ်တော်မြတ်စေတီ၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ရွှေဆံတော်၊ ထီးလိုမင်းလို၊ ရွှေစည်းခုံ၊ မနုဟာ၊ အာနန္ဒာ၊ ဗူးဘုရား၊ အလိုတော်ပြည့်၊ ကျောက်ဂူဥမင်၊ မြသကြီးဘုရား၊ သဗ္ဗညုဘုရားနဲ့ ကန်တော့ပလ္လင်ဘုရားတွေကို လာရောက်ဖူးမြော် ကြည်ညိုသူ ၂၀၀၀၀ ကျော်ထိရှိပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန(ပုဂံရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်က ပြောပြသည်။

ASH

# ကော့မှူးမြို့နယ် ထန်းတပင်ကျေးရွာ၌ ကုန်ထုတ်လမ်းဂဝံကျောက်ခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ကော့မှူး ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းတပင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဂဝံကျောက်ခင်းခြင်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်နှင့် တာဝန်ရှိသူများက ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၉၇ ဒသမ ၃၈ သန်းဖြင့် ထန်းတပင်ကျေးရွာ ကုန်ထုတ်လမ်းဂဝံကျောက်ခင်းခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



ကော့မှူးမြို့နယ် ထန်းတပင်ကျေးရွာ၌ လမ်းအရှည် တစ်မိုင်နှင့် ၁ ဒသမ ၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဂဝံကျောက်ခင်းခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် Ayar Princess ကုမ္ပဏီက ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဂဝံကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ထန်းတပင်ကျေးရွာမှ ဒေသခံပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်မည်ဖြစ်ကာ ဒေသထွက်ကုန်ပစ္စည်းများကိုလည်း ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျော်ဇောဦး(မောရှမ်းမြေ)

# ရေကြည်မြို့နယ် ချင်းကွင်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေကြည် ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ ချင်းကွင်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ စုရပ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျုံပျော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌွေး၊ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ချင်းကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၃၆ ဒသမ ၇၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၈ ဒသမ ၉၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၇ ဦးကို ငွေကျပ် ၄၅ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၆-၁၂-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၁၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# SAC Chairman Prime Minister Senior General Min Aung Hlaing watches final of Football Tournament (Men) of Inter-Education Degree College Sports Competition for 2023-2024 academic year, gives away prizes





Senior General Min Aung Hlaing watches the final match of Football Tournament (Men) of Inter-Education Degree College Sports Competition.

**Nay Pyi Taw December 26**

The final match and prize-giving ceremony of the Football Tournament (Men) of the Inter-Education Degree College Sports Competition for the 2023-2024 academic year took place this evening at Wunna Theikdhi Stadium in Nay Pyi Taw, and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing watched the match and gave away prizes.

Among the spectators were SAC Joint Secretary Lt-Gen Ye Win Oo, SAC members, Union level persons, Union ministers, Chairman of Nay Pyi Taw Council, senior military officers, deputy ministers, Nay Pyi Taw Council members, permanent secretaries, directors general, rectors, deputy directors general, sports competition organizing committee members and officials, managers and coaches from competing teams, athletes, students and teachers from education degree colleges, and staff from ministries and families.

First, the Senior General and party watched the final between Mandalay Zone (A) team and Mandalay Zone (B) team.

In the match, the two teams competed against each other as they were participating in the finals. Mandalay Zone (B) scored the leading goal at the 16th minute of the first half and scored the second goal again at the 36th minute of the game. After that, they continued to compete in the second half, and at the 50th minute, Mandalay Zone (B) scored the third goal again.

Then, both sides put pressure on each other and at the 59th minute of the game, Mandalay Zone (A) scored the first equalizing goal and scored the second equalizing goal in the 74th minute. However, at the end of 90 minutes, Mandalay Zone (B) won the Mandalay Zone (A) by 3-2, and won the trophy.

After the competition, the awarding ceremony continued. Union Minister Dr Nyunt Pe and SAC members Dr Hmu Htan, Mann Nyein Maung, Poral Aung Thein and Daw Dwe Bu presented the best goalkeeper award, the best defender award, the best midfielder award and the best striker award and the best player awards of the tournament to individual players.

Next, SAC member U Wunna Maung Lwin presented the prize money to the Yangon Zone (B) team that won the consolation prize, and SAC member Lt-Gen Nyo Saw medals and cash awards to the Yangon Zone (A) team that won the third prize and SAC member Lt-Gen Yar Pyae to the Mandalay Zone (A) team, which won the second prize.

After that, SAC Joint Secretary Lt-Gen Ye Win Oo awarded individual medals to the Mandalay Zone (B) team that won the first prize.

Then, the Senior General awarded the prize money and trophy to the Mandalay Zone (B) team, which won the first prize.

After the award ceremony, the Senior General and party cordially greeted the competing athletes. 100



Senior General Min Aung Hlaing presents cash award to the winning team.



A player receives cash and medal.

# Tourist arrival through Yangon International Airport increases year by year

**Yangon December 26**

The arrival of foreign passengers from Yangon International Airport has been increasing year by year, according to the reports of the Directorate of Hotels and Tourism.

Due to the events of the Covid-19 pandemic, tourism operations in the world, including Myanmar, have almost stopped.

Therefore, while the events of the Covid-19 pandemic can be controlled to a certain extent, they have been directed towards the development of tourism. In order to revive the tourism industry, Myanmar has participated in travel exhibitions and familiarization trips, identifying and promoting unique seasonal festivals in various regions and states, filming and broadcasting with local and foreign media, and advertising information about event calendars to inform tourists. In addition to identifying new destinations, tourism promotion programs were carried out to attract many local travellers to visit domestic destinations. Therefore, since October 2021, Myanmar's tourism industry has started to improve. International flights were allowed to resume operation from April 17, 2022 and the world travel E-visa was granted on May 20. 336




Tourists arriving at the Yangon airport.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Passing-out Parade of 21st Intake and 8th Intake (Female) of Military Institute of Nursing and Paramedical Sciences held, honorary dinner hosted




Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win gives a passing-out parade speech.

**Nay Pyi Taw December 26**

The Passing-out Parade of the 21st Intake and the 8th Intake (Female) of Military Institute of Nursing and Paramedical Sciences was held at the parade ground of MINP in Yangon this morning. On behalf of Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing, Vice Chairman of SAC Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win delivered an address.

Also present together with the Vice-Senior General were wife Daw Than Than Nwe, union ministers and wives, senior military officers from Office of Commander-in-Chief and wives, the Yangon Region chief minister, the Yangon Command commander, the MINP commandant, officials of Yangon Station, officer instructors and faculty members of the academic wing and training wing of MINP, who are the guardians of the trainees, and guests.

The Vice-Senior General took the salute of the trainee companies and inspected the flag bearer troops and graduate trainee companies. Then, the graduate trainee companies saluted the Vice-Senior General through slow-march past and quick-march past.

Afterwards, the Vice-Senior General presented Best Trainee Award to Trainee Nan Nwe Nwe Aye, Excellent Award in Training to Trainee Thiri Pawa and Excellent Award in Studies to Trainee Ei Mon Kyaw of the 8th Intake of the institute.

In his address, the Vice-Senior General said today, a new defence force joined the State and Tatmadaw. During the courses the trainees had been trained to be skilled in military and medical science in accord with the motto of MINP **"courage, knowledge and skill."** The MINP had so far produced Ph.D (Nursing), M.N.Sc, M.Pharm, M.Med Tech, Dip in M.Ed, B.N.Sc, B.Pharm, B.Med Tech, making a total 5424 as **skilled military medication aides.** Alumni are now serving their duties well at the assigned places.

As for the progress of national healthcare services, qualification of health staff including doctors, nurses, pharmacists and medical professionals should meet the required standard. Apart from doctors, nurses, pharmacists and medical technicians are also the important force of the healthcare services. Hence, the MINP is teaching its trainees the ever advancing medical sciences in accord with the international standard.

The institute is always studying the curriculum and teaching techniques of local and foreign universities and wrote its new curriculum in 2016 in accord with the Myanmar Nurse and Midwife Council. The new curriculum was approved in accord with the set standards in 2020, and was launched in academic year 2020-2021. Hence, today, MINP produced the first batch of trainees who had completed the new curriculum.

Nursing and medical support is the main duty of the medical corps, and it helps enhance the defence power of Tatmadaw in a way. The nursing staffs have to provide every patient with necessary care and treatment in accord with the instructions. They must also maintain and protect the medical equipment and machines for long-term use. In the practical field, nurses need to apply treatment methods and medical equipment with skill and special care in accord with their trained qualifications. They must also get in touch with ever advancing nursing techniques and medical equipment.

Forging the spirit of nursing is of great importance for a basic good nurse. If they have basic nursing spirit such as mercy, consideration, honesty and sacrifice, they can dutifully serve their assignments in any places. Behaviors of a good nurse can reduce a half of sufferings of patient. So, nurses have to follow nursing ethics on friendly relations, helping, honesty, patience, politeness and compassion. As nursing service is the most basic and important for the health sector, they all have to carefully serve their duties in line with the nursing ethics and spirit aligned with the theme of the Medical Corps **"goodwill, compassion and prevention of disease".**

Pharmacy and medical technological trainees also have to thoroughly apply the knowledge and techniques given by the institute in serving their duties at relevant hospitals and units. Being pharmacists, they have to study parts of herbal plants for the sake of the health of humans. They have to seek the best potent and therapies of physical and chemical properties of herbal plants. In so doing, they have to understand handling of the medical equipment with skillfulness. Pharmacists are to serve duties of preserve medicines and provide them to patients without damage.

They need to try hard to become skillful persons in western medical science as well as traditional medical science by raising health awareness to Tatmadaw families and people and providing medical treatments to them. Moreover, they must be skillful in systematically using the medicines and related equipment. In this regard, these medicines and they must use traditional medicines and modern medical science properly depending on time and location. If so, they can implement the theme of the Medical Corps **to be healthy,**

**See Page 14**



Vice-Senior General Soe Win inspects the graduate company.




Vice-Senior General Soe Win greets the graduate trainees at the graduation dinner.



The graduation dinner in progress.

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army)Vice-Senior General Soe Win visits and comforts officers,other ranks and family members receiving medical treatment at Defence Services General Hospital (1,000 beds) in Mingaladon Township


Vice-Senior General Soe Win asks after the health of a patient.


Vice-Senior General Soe Win comforts a patient.

**Nay Pyi Taw December 26**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, accompanied by senior military officers of the Office of Commander-in-Chief of Defence Services and their wives, the Commander of Yangon Command and his wife, and officials visited and comforted officers, other ranks and family members receiving medical treatment at the special care centre of the Defence Services General Hospital (1,000 beds) in Mingaladon Township this morning.

First, the Vice-Senior General and party arrived at the special care centre of the hospital where they were greeted and welcomed by the hospital superintendent and officials.

Then, the Vice-Senior General and party cordially conversed with officers and other ranks receiving medical treatment at the special care centre individually, inquired about medical treatment and improvement of their health condition and comforted them. The Vice-Senior General provided the patients with foodstuffs and cash assistance.

Similarly, Wife of the Vice-Senior General Daw Than Than Nwe and party visited wives of Tatmadaw service members and family members receiving medical treatment at the special care center, cordially conserved with them individually, inquired about medical treatment and improvement of their health condition and comforted them. They provided the patients with foodstuffs.

Then, Daw Than Than Nwe and party made cash donations for officers, other ranks and family members receiving medical treatment at the hospital through officials.

Similarly, the Vice-Senior General presented a cash bonus to the health staff discharging duties at the hospital through the hospital superintendent. 100


Daw Than Than Nwe presents cash award to a patient.

**From Page 13**

**fit and to fight** and they can be recorded as good medical service personnel who can serve missions of the corps at full capacity.

Laboratory technicians, radiographers and physiotherapists have to continuously study correct and effective examination techniques for patients in relevant subjects to provide proper health care services to patients. Moreover, they have to conduct researches on relevant subjects to be able to provide comprehensive treatments to the patients in cooperation with other medical departments for the sake of the patients. In their assigned areas, they have to give medical services to Tatmadaw members and families as well as the people. In so doing, they, being good members of Medical Corps need to study advancement of modern medical techniques and serve treatment, disease prevention and health promotion as well as rehabilitation of patients with goodwill without discrimination.

It can be seen that members of Medical Corps had participated in independence struggle with excellent performances and during the period from the post-independence era to date with serving the state duties in respective sector.

They participated in giving health care services to the Tatmadaw members, families and people not only in ordinary time but in time of disasters. They provide healthcare services to the people at military hospitals and medical battalions. Moreover, they made utmost efforts in medical treatment for the people in mobile medical services after 2010. Not only mobile special medical teams but local medical teams of relevant military commands are giving healthcare to the local people.

The primary duty of medical services is a process of saving life of other in time. So, it is a career for them to have the great noble merit. With regard patients, all members of Medical Corps have to give medical treatments to the patients in line with the ethics, visions and duties, showing their excellent members of Medical Corps and fine traditions of the Tatmadaw. Hence, those service personnel have to follow their oaths of nursing and try to be good nurses of the Tatmadaw uplifting the prestige and traditions of the Tatmadaw.

The State Administration Council during the period of serving the State responsibilities is placing an emphasis on peace and stability of the state, socioeconomic development, forging endurable peace for the whole nation, and building the Union based on democratic system and federalism. In so doing, the government is implementing the two political visions: strengthening disciplined, genuine multiparty democratic system and building the Union based on democratic system and federalism. To do so, all ethnics do not have to disintegrate among them in the country and give a help hand to each otgher in order to emerge a Union based on democratic system and federalism with Union spirit.

As ours is a country that is established under the union system in its nature, national unity is essential and vitalization of the union spirit is of utmost importance and necessity for unity among national races.

As the Tatmadaw is a part of the state, Tatmadaw personnel are a part of the people. As the strength of the country lies within, the union must be safeguard based on united strength of the people. In doing so, our three main national causes such as non-disintegration of the union, non-disintegration of national solidarity and perpetuation of sovereignty must be safeguard with union spirit in line with historical lessons. For non-disintegration of the union, ideologies, perceptions, beliefs and convictions of the entire people must be based on the union spirit. Therefore, it is necessary for all to mobilize the people for vitalization of the union spirit and national unity in respective areas where you are assigned duties.

The lifeline of the Tatmadaw is discipline. As Tatmadaw personnel are those who live under the command of the Tatmadaw, in which orders and discipline are main pillars, it is necessary for all

**See Page 15**

# More than 20,000 pilgrims visit Bagan ancient cultural zone in Nyaung U Township on Christmas long holiday


A temple in Bagan.

**NyaungU December 26**

More than 20,000 travellers arrived in Bagan ancient cultural zone of NyaungU Township in Mandalay Region during the long holiday of Christmas, said assistant director U Myo Min Aung of Directorate of Hotels and Tourism.

On the long holidays such as Thadingyut holidays, Tazaungdine holidays, Christmas holidays and school holidays, local and foreign travellers pay visits to ancient stupas and temples in Bagan ancient cultural zone of NyaungU Township this year.

"In recent holidays, number of pilgrims was on the rise. They came from Heho, Tagaung, Taunggyi, Hopong, Natmauk, Magway, Pakokku, Kyaukpadaung, Yangon, Mandalay, Nay Pyi Taw, PyinOoLwin, Lashio, Yesagyop, Taungtha, Myingyan, Hsenwi and so on. Various fame stupas and temples in Bagan ancient cultural zone are crowded with flocks of travellers and pilgrims. During the Christmas holidays, more than 20,000 travellers toured the religious edifices in Bagan," he explained.

Those pilgrims were allowed to pay homage to ancient religious edifices in the cultural zone under the Covid-10 protocols starting from 8 February 2021 after the region was closed due to outbreak of Covid-19 in 2020.

Currently, a large number of ancient religious monuments and palace structures are attracting local and foreign travellers. ASH

# Snow mushroom marketable in domestic market this year

**Mandalay December 26**

Those who engage in silver snow mushroom in farms of Patheingyi Township are booting their businesses due to high demand in Mandalay market this year, according to the mushroom farmers.

Growers use straws as raw materials from the paddy fields in their farms. At present, each farm produces 30 viss of silver snow mushroom per farm on a daily basis. At present, such mushroom fetches K2,500 per viss, said local mushroom farmer U Ye Lin Tun of Patheingyi Township.

"I use pieces of straw in culturing mushroom. In cold season, mushroom yield is high. This year's prices of mushroom are proper. Now, trading of mushroom is normal. During the period from January to March, mushroom will fetch high prices. Local farmers operate two to three mushroom farms. Mushroom can be grown the whole year. Each farm is formed with shelves on which 7,000 to 8,000 bags of mushrooms for production. A total of 5,000 mushroom bags in two and a half months can yield 1,000 per viss," he explained.

Local mushroom growers can earn increased incomes from production of silver snow mushroom. Such a mushroom contains protein, healthy for consumption. Purchasers arrive the farms to buy mushrooms and distribute it to Mandalay market.

185

# Myanmar exports over 5,700 tonnes of rubber worth over US$7 m in Nov

**Nay Pyi Taw December 26**

More than 5,700 tonnes of rubber worth more than US$7 million were exported in November 2023, according to reports from the Ministry of Commerce.

Rubber from Myanmar is being exported and sold monthly to foreign customer markets through maritime trade routes and border trade routes.

In November, 4,940 tonnes of rubber worth US$6.490 million were exported by sea trade routes and border trade and 820 tonnes of rubber worth US$1.097 million were exported by border trade routes, totaling 5,760 tonnes of rubber worth US$7.587 million.

In Myanmar, rubber plantations are mostly cultivated in states and regions such as Mon State, Tanintharyi Region, Kayin State, Bago Region, Yangon Region, Ayeyawady Region, Shan State, and upper Sagaing Region.

There are more than 164,000 acres of rubber plantations in Myanmar, and an average of more than 400,000 tonnes of rubber is produced per year.


Rubber sheets.

The rubber produced in Myanmar is exported to customer markets such as China, Singapore, Malaysia, Indonesia, South Korea, India and Japan, but it is mainly exported to China. 336

# Onions from Myingyan in good trading at Mandalay market

**Mandalay December 26**

Onions sent by Myingyan Township are in good trading at Mandalay market, said Daw May The Swe, owner of Aung onion and potato depot in Mandalay Market.

Starting from the second week of December, onions from Myingyan are marketable in Mandalay with high demand at home and abroad.

"Local demand is high at Mandalay market in trading onions from Myingyan. At the domestic market, onions from Myingyan are currently marketable," she explained.

On 22 December, onions from Myingyan fetched K4,000 per viss in Mandalay market.

"Onions from Monywa, Myittha and Pakokku flow into Market market. The onions from these regions are being traded as usual," she explained. 184

**From Page 14**

to respect and observe orders and instructions issued. Moreover, Tatmadaw personnel are required to strictly follow military code of conduct in the same way as sarongs are worn tightly. Only then, will one be outstanding personnel who is disciplined and ethical and will the Tatmadaw be a disciplined army which can be relied upon by the people.

Moreover, as you have led the life of a Tatmadaw personnel of your own volition, you are required to perform any duty you are assigned to responsibly through thick and thin **based on sympathy out of camaraderie, which means affection, attachment and loyalty among personnel.** You are required to comply with military and civilian laws and medical and ethical codes as personnel of the medical corps.

To be outstanding personnel, the most important thing for each personnel is to undergo training to enhance three capabilities such as military capability, administrative capability and organizational capabilities.

Therefore, you will be outstanding nursing and medical professional personnel who can be relied upon by the country and the Tatmadaw if you meet three capabilities and five fundamental qualities and abide by nine nurses' pledges.

In conclusion, the Vice-Senior General urged all to try to be good nurses who are equipped with high morale and good discipline and can enhance the image of medical corps and preserve the traditions of the Tatmadaw, to be personnel who meet standards of ethics, abilities and nursing spirit of good nurses by bearing in mind the motto "Benevolence, Kindness, Safety," to continue to study developments of modern nursing and medical science without losing sight to be competent nurses and medical professionals and to mobilize the people of national race with emphasis on vitalization the union spirit and national unity when you meet them in respective areas where you are assigned duties.

Then, the Vice Senior took the salute of the graduating companies and left the parade ground.

After the parade, the Vice-Senior General met with outstanding trainees and gave an honorary speech at the parlour of the institute.

In the evening, the Vice-Senior General and party attended the graduation dinner of the 21st Intake of Defence Services Institute of Nursing and Paramedical Sciences and 8th Intake (Female) of Nursing and Paramedical Sciences and enjoyed dinner together with graduating nurses and guests.

After the dinner, the Vice-Senior General and party enjoyed the music of the band of the institute and presented cash rewards.

Then, the Vice Senior General and party enjoyed the entertainment programs of the Myawady Entertainment Troupe under the Directorate of Public Relations and Psychological Warfare together with graduating nurses at the Thabin Hall of the institute.

100






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များက ကျောင်းဆင်းသူနာပြုများနှင့်အတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။**

**စာမျက်နှာ ၁၇ မှအဆက်**

လူနာများအပေါ် ကုသမှုပေးရာတွင် မှန်ကန်ထိရောက်မှုရှိသည့် စစ်ဆေးဖော်ထုတ်မှုများနှင့် ကောင်းမွန်ပြည့်စုံသည့် ကျန်းမာရေးပြုစုစောင့်ရှောက်ကုသမှုများ ပေးနိုင်ရန်အတွက်စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့ တတ်ကျွမ်းထားသည့် အထူးပြုဘာသာရပ်အလိုက် သုတေသနလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နေရမည့်အပြင် လူနာများ၏ ကောင်းကျိုးအတွက် အခြားသော ဆေးပညာရပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကာ ပြီးပြည့်စုံသည့် ကုသမှုများ ပေးသွားကြရန်လိုအပ်ကြောင်း၊ **တာဝန်ကျရာနယ်မြေ ဒေသအသီးသီးကို ရောက်ရှိသွားချိန်တွင် တပ်မတော်သားများနှင့် မိသားစုဝင်များကိုသာမက ဒေသတွင်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုပါ ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာ တွင် **ခေတ်နှင့်အညီပြောင်းလဲနေသည့် ဆေးပညာရပ်များကို ဆက်လက်လေ့လာဆည်းပူးကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်ဖြစ်သည့် ပြုစုကုသရေး၊ ရောဂါရှာဖွေရေး၊ တားဆီးကာကွယ်ရေး၊ ကျန်းမာရေး မြှင့်တင်ပေးရေးနှင့်ပြန်လည်သန်စွမ်းရေးလုပ်ငန်းစဉ်များကို မေတ္တာစေတနာ အရင်းခံပြီး နိုင်ငံ့သားကောင်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များပီပီ ကျားသား၊ ရင်သားမခွဲခြားဘဲ စိတ်ကောင်းစေတနာကောင်းများဖြင့် ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းမှာကြားလို**ကြောင်း။

ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် လွတ်လပ်ရေး ကြိုးပမ်းမှုကာလများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့်အပြင် လွတ်လပ်ရေး ရပြီးကာလမှ ယနေ့အချိန်ထိ တိုင်းပြည်တာဝန်ကို ကျရာအခန်းကဏ္ဍမှ ထမ်းဆောင်ခဲ့ကြသည်ကိုတွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုအပါအဝင် တပ်မတော်သားများနှင့် မိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အခါ သာမန်အချိန်များ၌သာမက သဘာဝဘေးအန္တရာယ်ကျရောက်သည့် အချိန်များတွင်ပါ ရှေ့တန်းကပါဝင်ခဲ့ကြကြောင်း၊ တပ်မတော်စစ်ဆေးရုံ၊ ဆေးတပ်ရင်းများတွင် ဒေသခံပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုများပေးနေသည့်အပြင် နယ်လှည့်ဆေးကုသမှုလုပ်ငန်းများကိုလည်း ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် ပိုမိုတိုးမြှင့်ပြီး အင်တိုက်အားတိုက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ နယ်လှည့်အထူးဆေးကုသအဖွဲ့များသာမက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များတွင် နယ်မြေခံဆေးကုသရေးအဖွဲ့များဖွဲ့စည်းကာ ဒေသခံတိုင်းရင်းသားပြည်သူလူထုများကို ကျန်းမာရေးပြုစု စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ ထမ်းဆောင်ကြရသည့် အဓိကတာဝန်သည် သူတစ်ပါးအသက်ကို အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ခြင်းကြောင့် မွန်မြတ်ဖြူစင်ပြီး ထူးကဲသည့် ကုသိုလ်အကျိုးကိုရရှိစေသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုပင်ဖြစ်ကြောင်း၊ စောင့်ရှောက်ကုသရမည့် လူနာများနှင့် ပတ်သက်ပြီး ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တိုင်း ပြုကျင့်ကြရမည့် ကျင့်ဝတ်၊ ရည်မှန်းချက်၊ တာဝန်များနှင့်အညီ ပြုစုကုသမှုပေးခြင်းသည် ဆေးဝန်ထမ်းကောင်းတစ်ဦး၏ စံပြလုပ်ရပ်ကိုဖော်ထုတ်ပြသခြင်းဖြစ်သကဲ့သို့ တပ်မတော်၏ အစဉ်အလာပြယုဂ်ကို ဖော်ညွှန်းမြှင့်တင်ပေးခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် **သူနာပြုအဓိဋ္ဌာန်များနှင့်အညီ ကတိသစ္စာပြုထားသည့်အတိုင်း ပြုမူကျင့်ကြံနေထိုင်ပြီး ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဂုဏ်ဒြပ်နှင့် တပ်မတော်အစဉ်အလာကို မြှင့်တင်နိုင်သည့် တပ်မတော်သူနာပြုကောင်းများအဖြစ် မှတ်တမ်းရေးထိုးသွားကြရန် တိုက်တွန်းမှာကြားလို**ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေစဉ်ကာလအတွင်းတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် အလေးထားကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုသည့် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် **တိုင်းရင်းသားလူမျိုးပေါင်းများစွာ စုစည်းနေထိုင်သည့် မိမိတို့နိုင်ငံအနေဖြင့် တိုင်းရင်းသားအချင်းချင်း သွေးမကွဲဘဲ ပြည်ထောင်စုစိတ်ဓာတ်နှင့် တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးဖြစ်ထွန်းပေါ်ပေါက်အောင် လုပ်ဆောင်သွားကြရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် **မိမိတို့နိုင်ငံသည် ပကတိအရိုတရားအရ ပြည်ထောင်စုစနစ်နှင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျသကဲ့သို့ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရန်အတွက် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးသည်လည်း အရေးအကြီးဆုံးနှင့် အလိုအပ်ဆုံးဖြစ်**ကြောင်း။

**တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်သကဲ့သို့ တပ်မတော်သားများသည်လည်း ပြည်သူများ၏ အစိတ်အပိုင်းဖြစ်**ကြောင်း၊ **ပြည့်အင်အားသည်ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်သူလူထု၏ အားကိုအရင်းတည်ပြီး စုစည်းညီညွတ်သည့်အားနှင့် ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်**ကြောင်း၊ ထိုသို့ကာကွယ်စောင့်ရှောက်ရာတွင်လည်း သမိုင်းပေးသင်ခန်းစာများအရ **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုစိတ်ဓာတ်နှင့် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်**ကြောင်း၊ ပြည်ထောင်စုကြီး မပြိုကွဲရအောင် တိုင်းရင်းသား ပြည်သူလူထုအားလုံး၏ အတွေးအခေါ်၊ အသိအမြင်၊ ယုံကြည်ချက်၊ ခံယူချက်များသည် ပြည်ထောင်စုစိတ်ဓာတ်အပေါ်တွင် အခြေခံနေရန်လိုအပ်ကြောင်း၊ ထို့ကြောင့် **တာဝန်ကျရာ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများနှင့်ထိတွေ့ဆက်ဆံသည့်အခါ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အလေးထားစည်းရုံးဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလို**ကြောင်း။

တပ်မတော်၏ အသက်သွေးကြောသည် စည်းကမ်းပင်ဖြစ်ကြောင်း၊တပ်မတော်သားများသည် အမိန့်နှင့်စည်းကမ်းကို မဏ္ဍိုင်ပြုထားသည့် တပ်မတော်၏ ကွပ်ကဲအုပ်ချုပ်မှုအောက်တွင် နေထိုင်ရသည့်သူများဖြစ်သည့်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို လေးစားလိုက်နာနေကြရန်လိုကြောင်း၊ ထို့ပြင် တပ်မတော်သားများ ကျင့်ကြံလုပ်ဆောင်ရမည့် စစ်သည်တော်ကျင့်ဝတ်များကိုလည်း ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းလိုက်နာသွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ စည်းကမ်းကောင်းမွန်ပြီး ကိုယ်ကျင့်တရားပြည့်ဝသည့် စစ်သည်တော်ကောင်းများဖြစ်လာမည်ဖြစ်ပြီး တပ်မတော်သည်လည်း စည်းကမ်းပြည့်ဝသည့် ပြည်သူများက ယုံကြည်ကိုးစားရသော တပ်မတော်ကြီးဖြစ်လာမည်ဖြစ်ကြောင်း။

ထို့ပြင် တပ်မတော်သားဘဝကို မိမိတို့ သဘောဆန္ဒအလျောက် ခံယူခဲ့ပြီး ဖြစ်ခြင်းကြောင့် **"ရဲဘော် အချင်းချင်းပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်၏"** ဆိုသည့် ရဲဘော်ရဲဘက်စိတ်ကို အခြေခံပြီး ပေးအပ်လာသည့် မည်သည့်တာဝန်မျိုးကိုမဆို ကိုယ်ချင်းစာစိတ်ထားရှိကာ အေးအတူပူအမျှ ကျေပွန်စွာ ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊ စစ်ဘက်ဆိုင်ရာနှင့် နယ်ဘက်ဆိုင်ရာ ဥပဒေများကိုလည်း လေးစားလိုက်နာပြီး ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များဖြစ်သည်နှင့်အညီ ဆေးဘက်ဆိုင်ရာကျင့်ထုံးဥပဒေများနှင့် ကျင့်ဝတ်သိက္ခာများကိုပါ စောင့်ထိန်းလိုက်နာသွားရန်လိုကြောင်း။

စစ်သည်တော်ကောင်းတစ်ဦး ဖြစ်လာစေရန်အတွက် အရေးအကြီးဆုံးအချက်သည် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေအောင် စစ်သည်တစ်ဦးချင်းစီက ဖြည့်ဆည်းလေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **စွမ်းရည်သုံးရပ် ထက်မြက်ပြီး အခြေခံအရည်အချင်းငါးပါးနှင့် ပြည့်စုံအောင် နေထိုင်ပြုမူကျင့်ကြံကာ သူနာပြုများ ခံယူကျင့်သုံးအပ်သည့် အဓိဋ္ဌာန်ပြုကတိသစ္စာ ကိုးချက်နှင့်အညီ စောင့်ထိန်းလိုက်နာသွားကြမည်ဆိုပါက နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် သူနာပြုနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူ စစ်သည်တော်ကောင်းများဖြစ်လာမည်**ဖြစ်ကြောင်း။

စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ဆေးဝန်ထမ်းတပ်ဖွဲ့၏ဂုဏ်နှင့် တပ်မတော်၏အစဉ်အလာကို စောင့်ထိန်းမြှင့်တင်နိုင်သည့် သူနာပြုကောင်းများ ဖြစ်အောင်ကြိုးစားသွားကြရန်၊ **"စေတနာ၊ အကြင်နာ၊ ဆေးကင်းကွာ"** ဆိုသည့် ဆောင်ပုဒ်ကို နှလုံးသွင်းပြီး သူနာပြုကောင်းတစ်ဦးတွင် ရှိရမည့် ကျင့်ဝတ်၊ အရည်အချင်းနှင့် သူနာပြုစိတ်ဓာတ် ပြည့်ဝထက်သန်သူများဖြစ်အောင် တည်ဆောက်သွားကြရန်၊ ထက်မြက်သည့် သူနာပြုနှင့် ဆေးဘက်ပညာကျွမ်းကျင်သူများ ဖြစ်စေရေးအတွက် ခေတ်မီသူနာပြုသိပ္ပံနှင့် ဆေးဘက်ပညာရပ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကို မျက်ခြည်မပြတ် လေ့လာဆည်းပူးသွားကြရန်၊ တာဝန်ကျရာ ဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများနှင့် ထိတွေ့ဆက်ဆံသည့်အခါ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အလေးထားစည်းရုံးဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းသည် ကျောင်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၁)နှင့် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး သင်တန်းဆင်းသူနာပြုများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းသူနာပြုများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မန္တလေးဇုန်(က)အသင်းနှင့် မန္တလေးဇုန်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး ပထမဆုရရှိသည့် မန္တလေးဇုန်(ခ)အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်စဉ်။**

**ရှေ့ဖုံးမှအဆက်**

တပ်မတော် အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ အမျိုးသား ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မန္တလေးဇုန်(က)အသင်းနှင့် မန္တလေးဇုန်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အကြိတ်အနယ် ဖိအားပေးယှဉ်ပြိုင်ကြပြီး ပထမပိုင်း ပွဲကစားချိန် ၁၆ မိနစ်တွင် မန္တလေးဇုန်(ခ)အသင်းက ဦးဆောင်ဂိုးကိုသွင်းယူခဲ့ပြီး ပွဲကစားချိန် ၃၆ မိနစ်တွင် ဒုတိယဂိုးကို ထပ်မံသွင်းယူခဲ့သည်။ ထို့နောက် ဒုတိယပိုင်းကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ပွဲကစားချိန် မိနစ် ၅၀ တွင် မန္တလေးဇုန်(ခ)အသင်းက တတိယဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့သည်။

ယင်းနောက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ဖိအားပေးကစားကြပြီး ပွဲကစားချိန် ၅၉ မိနစ်တွင် မန္တလေးဇုန်(က)အသင်းက ပထမဆုံးချေပဂိုးကို ပြန်လည်သွင်းယူနိုင်ခဲ့ပြီး ပွဲကစားချိန် ၇၄ မိနစ်တွင် ဒုတိယချေပဂိုးကို **စာမျက်နှာ ၂၀ သို့**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစော တတိယဆုရရှိသည့် ရန်ကုန်ဇုန်(က)အသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် နှစ်သိမ့်ဆုရရှိသည့် ရန်ကုန်ဇုန်(ခ)အသင်းကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမွန်ထန် အကောင်းဆုံးအားကစားသမားဆုရရှိသူတစ်ဦးကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင် အကောင်းဆုံးအားကစားသမားဆုရရှိသူတစ်ဦးကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း အကောင်းဆုံးအားကစားသမားဆုရရှိသူတစ်ဦးကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ခွဲဘု အကောင်းဆုံးအားကစားသမားဆုရရှိသူတစ်ဦးကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။**

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၁)နှင့် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၈)တို့မှ သင်တန်းဆင်းသင်တန်းသား၊ သင်တန်းသူများကို ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်းအခမ်းအနား ကျင်းပ





ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ကျောင်းဆင်း သင်တန်းသား၊ သင်တန်းသူ တစ်ဦးချင်းစီအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်လွှာများ ပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၆**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၁)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၈)တို့မှ သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဝင်းဗိုလ်နှင့် ကျောင်းဆင်း သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ကျောင်းဆင်း သင်တန်းသား၊ သင်တန်းသူ တစ်ဦးချင်းစီအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်လွှာများ ပေးအပ်သည်။

ဆေးဝန်ထမ်းတာဝန်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက အမှာစကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၏ (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဝင်းဗိုလ်နှင့် ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်ကာ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကိုဖွင့်လှစ်သည်။ ထို့နောက် ဘွဲ့ယူမည့်သူများကို ကတိသစ္စာခံယူစေခြင်း၊ ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့ (ဓာတ်ခွဲနည်းပညာ၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ၊ ခန္ဓာသန်စွမ်းမှုနည်းပညာ၊ ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာ)ရရှိသူတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့ရသူများကို ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။







တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ပါမောက္ခချုပ်က ဘွဲ့ရရှိသူများအား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းစဉ်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းကာ ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် ၂၀၀၃ ခုနှစ်မှစတင်၍ ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပြီး သူနာပြုပါရဂူဘွဲ့၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာ၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)၊ ဆေးဘက်ဆိုင်ရာ အသံလွှန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာ၊ အထူးကြပ်မတ် သူနာပြုစုမှုဒီပလိုမာ၊ ခွဲစိတ်ခန်းသူနာပြုစုမှုဒီပလိုမာ၊ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့ရရှိသူတို့ကို ဘွဲ့များ အပ်နှင်းပေးအပ်သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရှိ စာပေသင်ကြားရေးဆိုင်ရာ အရာရှိများ နိုင်ငံတကာအဆင့်မီ အတတ်ပညာများရရှိရေးအတွက် ပြည်ပသင်တန်းများတက် ရောက်စေလွှတ်ခဲ့ရာ သူနာပြုပါရဂူဘွဲ့နှင့် သူနာပြုမဟာသိပ္ပံဘွဲ့အတွက် ၁၉၉၈ ခုနှစ်၊ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်တို့တွင် ဩစတြေးလျနိုင်ငံ La Trobe တက္ကသိုလ်သို့လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် ထိုင်းနိုင်ငံ Burapha University သို့လည်းကောင်း စေလွှတ်ပညာသင်ကြားစေခဲ့သည်။

အလားတူ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းဆင်း အထက်တန်းသူနာပြုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လက်တွေ့သူနာပြုစုမှုသင်တန်းသို့လည်းကောင်း၊ စင်ကာပူနိုင်ငံ National University Hospital တွင် နှလုံးရောဂါအထူးကြပ်မတ်ကုသမှုသင်တန်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံ Ching Mai University နှင့် Mahidol University တို့တွင် သူနာပြုမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးမဟာသိပ္ပံဘွဲ့သင်တန်းများသို့လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ University of Airlangga Mulyorejo Surabaya တက္ကသိုလ်တွင် သူနာပြုမဟာသိပ္ပံဘွဲ့သင်တန်းသို့လည်းကောင်း ပညာတော်သင်စေလွှတ်ကာ တက်ရောက်အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၁၉ မှအဆက်**

ထပ်မံသွင်းယူနိုင်ခဲ့သော်လည်း ပွဲကစားချိန်မိနစ် ၉၀ ပြီးဆုံးချိန်တွင် မန္တလေးဇုန်(ခ)အသင်းက မန္တလေးဇုန်(က)အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကိုဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းဆု၊ အကောင်းဆုံး အလယ်တန်းဆု၊ အကောင်းဆုံး ရှေ့တန်းဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမျှထန်၊ မန်းငြိမ်းမောင်၊ ပိုးရယ်အောင်သိန်း၊ ဒေါ်ဒွဲဘူတို့က တစ်ဦးချင်းအကောင်းဆုံးဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်က နှစ်သိမ့်ဆုရရှိသည့် ရန်ကုန်ဇုန်(ခ)အသင်းအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစောက တတိယဆုရရှိသည့် ရန်ကုန်ဇုန်(က)အသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဒုတိယဆုရရှိသည့် မန္တလေးဇုန်(က)အသင်းကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက ပထမဆုရရှိသည့် မန္တလေးဇုန်(ခ)အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပထမဆုရရှိသည့် မန္တလေးဇုန်(ခ)အသင်းအား ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီးခုတင်(၁၀၀၀)ရှိ အထူးကုသမှုစင်တာ၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊စစ်သည်၊မိသားစုဝင်များကို သွားရောက်ကြည့်ရှုအားပေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)ရှိ အထူးကုသမှုစင်တာ၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိစစ်သည်များအား လိုက်လံကြည့်ရှုကာ တစ်ဦးချင်း၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)ရှိ အထူးကုသမှုစင်တာသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အထူးကုသမှုစင်တာတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိစစ်သည်များကို လိုက်လံကြည့်ရှုကာ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှုအခြေအနေများ၊ဆေးဝါးကုသပေးထားမှုအခြေအနေများနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် အထူးကုသမှုစင်တာ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ရဲမေများနှင့် မိသားစုဝင်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ရဲမေများနှင့်မိသားစုဝင်များအား လိုက်လံကြည့်ရှုကာ တစ်ဦးချင်း၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ရဲမေများနှင့် မိသားစုဝင်များအား လိုက်လံကြည့်ရှုကာ တစ်ဦးချင်း၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)ရှိ အထူးကုသမှုစင်တာသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကို လိုက်လံကြည့်ရှုကာ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှု အခြေအနေများနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

# စီမံကိန်းကြီးက ကျောက်ဖြူဒေသအပါအဝင် ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရုံသာမက မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပေးနိုင်မည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ကျောက်ဖြူ အထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement)ကို ဖြည့်စွက်သည့် နောက်ဆက်တွဲစာချုပ်(Addendum) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အထူးစီးပွားရေးဇုန်အသီးသီး၏ စီမံခန့်ခွဲမှုကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ CITIC Groupမှ ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း၊ပြည်ပ မီဒီယာများတက် ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် အိမ်နီးချင်းများဖြစ်ကြပြီး ရာစုနှစ်ပေါင်းများစွာကတည်းက အလွန်ချစ်ခင်ရင်းနှီးသော ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိကြောင်း၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ(CMEC)သည် ကီလိုမီတာ၁၇၀၀ ရှည်လျားပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှ မြန်မာနိုင်ငံ အလယ်ပိုင်း မန္တလေးမြို့ကိုဖြတ်ကာ အနောက်ဘက် ပင်လယ်ရေကြောင်းထွက်ပေါက်ဖြစ်သည့် ကျောက်ဖြူမြို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း။

ကျောက်ဖြူမြို့သည် ဘင်္ဂလားပင်လယ်အော်ကမ်းခြေတွင်တည်ရှိပြီး အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာမြောက်တန်ဖိုးကြီးမားသည့် နေရာတစ်ခုဖြစ်ကြောင်း၊ ယခုကဲ့သို့ တန်ဖိုးရှိပြီး စီးပွားရေးအခွင့်အလမ်းများစွာ ရှိနေခြင်းကြောင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် နိုင်ငံတော်အနေဖြင့် ကျောက်ဖြူဒေသကို အထူးစီးပွားရေးဇုန်တစ်ခု ထူထောင်ရန် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွင်းတည်ဆောက်မည့်ရေနက်ဆိပ်ကမ်းစီမံကိန်းသည် ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားစွာဖြင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်စေမည့်စီမံကိန်းကြီးတစ်ခု ဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ စီမံကိန်းအတွက်အစုရှယ်ယာရှင်များနှင့် သက်ဆိုင်သောသဘောတူစာချုပ် (Shareholders' Agreement) နှင့်လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) များကို ၂၀၂၀ ပြည့်နှစ်ကတည်းက ချုပ်ဆိုနိုင်ခဲ့ကြောင်း။

သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးနောက် ကိုဗစ်-၁၉ရောဂါပျံ့နှံ့ခဲ့ခြင်း၊မြန်မာဘက်က ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် CITIC ဘက်နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်နေရခြင်းတို့ကြောင့် စီမံကိန်းစတင် အကောင်အထည်ဖော်နိုင်ရေးနှစ်နှစ်ကျော်နှောင့်နှေးနေခဲ့သည်ကို တွေ့ရကြောင်း။

ယခုအခါ ရေနက်ဆိပ်ကမ်းစီမံကိန်းကို ဆောလျင်စွာ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယခင်လုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူစာချုပ် (Concession Agreement)ကို ပိုမိုပြည့်စုံစေရန်နှင့်ပိုမိုရှင်းလင်းတိကျစွာ နားလည်သဘောပေါက်ရန်လိုအပ်သည့်အတွက် နောက်ဆက်တွဲစာချုပ် (Addendum) ကို ယနေ့တွင် သဘောတူ လက်မှတ်ရေးထိုးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းကြီးက မြန်မာနိုင်ငံအတွက် ကျောက်ဖြူဒေသအပါအဝင် ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရုံသာမက မြန်မာနိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကျောက်ဖြူစီမံကိန်းကြီးမှတစ်ဆင့် တောင်အာရှ၊ အနောက်အာရှနှင့် အာဖရိကမှတင်သွင်းမည့် ကုန်ပစ္စည်းများကို တရုတ်ပြည်မကြီးသို့ စကြံလမ်းကြောင်း အသုံးပြုပြီး သယ်ယူပို့ဆောင်ခြင်းဖြင့် အချိန်နှင့်ကုန်ကျစရိတ်များအထူးသက်သာစေမည်ဖြစ်ကြောင်း။

ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းသည် မြန်မာနိုင်ငံ၏ ပထမဆုံးသောနိုင်ငံတကာအဆင့်မီ ရေနက်ဆိပ်ကမ်းအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်လာမည်ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စက်မှုဥယျာဉ်စီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း များစွာရရှိမည်ဖြစ်ကြောင်း၊ စီမံကိန်းကိုအမြန်ဆုံး စတင်အကောင် အထည်ဖော်ဆောင်ရွက်နိုင်ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ပြီး နှစ်နိုင်ငံပြည်သူများအကြား ကုန်သွယ်စီးပွားဖွံ့ဖြိုးတိုးတက်၍ အေးချမ်းသာယာစွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြရန် ဆန္ဒပြုကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ CITIC Group ဥက္ကဋ္ဌ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံတို့က လုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူစာချုပ် (Concession Agreement)ကို ဖြည့်စွက်သည့် နောက်ဆက်တွဲစာချုပ် (Addendum) လက်မှတ်ရေးထိုးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူစာချုပ် (Concession Agreement) ကို ဖြည့်စွက်သည့် နောက်ဆက်တွဲစာချုပ် (Addendum)ကို ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ရွှေထွန်းနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကုမ္ပဏီလီမိတက်ဒါရိုက်တာ၊ Mr. Liang Chuanxin တို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် Mr. Liang Chuanxin တို့က သတင်းမီဒီယာများနှင့် တွေ့ဆုံရာ စီမံကိန်းတွင် အပိုင်းလေးပိုင်းပါဝင်ပြီး သင်္ဘောများဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ၁၀ ခုပါဝင်သည့် စီမံကိန်းဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းပြီးစီးပါက တစ်နှစ်လျှင် ပေ ၂၀ ကွန်တိန်နာအလုံးခုနစ်သန်းခန့် လက်ခံထားနိုင်မည့်စီမံကိန်းဖြစ်ကြောင်း၊ အဓိကအားဖြင့် စီမံကိန်းပြီးစီးပါက မြန်မာနိုင်ငံမှ ကုန်စည်များအပါအဝင် မိမိနိုင်ငံကို ဖြတ်သန်းသွားမည့်ကုန်စည်များကို အာဖရိကနိုင်ငံများ၊ တောင်အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့ တိုက်ရိုက်ပို့နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်၌တိုက်ရိုက်မတင်ပို့နိုင်ဘဲ စင်ကာပူနှင့် မလေးရှားတို့မှတစ်ဆင့်တင်ပို့နေရကြောင်း၊ စီမံကိန်းစတင်တည်ဆောက်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအပေါ် ဆန်းစစ်ချက်နှင့်ပတ်သက်၍ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်၍ အဆိုပါလုပ်ငန်းစဉ် ရာခိုင်နှုန်းပြည့်ပြီးစီးအောင်ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းစတင်အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းကို မြန်မြန်စတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နှစ်ဖက်စလုံး ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ ကျောက်ဖြူဒေသခံပြည်သူများ၏ ဆန္ဒမှာလည်း စီမံကိန်းကို မြန်မြန်ဆန်ဆန်စတင်ရန် တောင်းဆိုချက်များလည်းရှိကြောင်း၊ စီမံကိန်းပြီးစီးပါက မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ ရေနက်ဆိပ်ကမ်းအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါဆိပ်ကမ်းသည် အာရှ၊အာဖရိကနှင့် ဥရောပတိုက်ကြီးများနှင့် ဆက်သွယ်မည့်ကုန်သွယ်မှု အချက်အချာ နေရာတစ်ခုဖြစ်လာနိုင်ပြီး ကမ္ဘာသို့ တံခါးပေါက်ကြီးအသွင်ဖြင့် မြန်မာနိုင်ငံနှင့် ဒေသတွင်း၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း ဆက်လက်အကောင်အထည် ဖော်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး လက်မှတ်ရေးထိုးခြင်း အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

(၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်စက်ပစ်ကွင်း၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် အဖွဲ့ဝင်များ၊အရာရှိ၊စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တိုင်းမှူးကအဖွင့်အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းကို ပစ္စတိုသေနတ်ဖြင့် ပစ်ဖောက်၍ ပြိုင်ပွဲအားဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအမျိုးသားအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမျိုးသားအသင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမျိုးသမီးအသင်းနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမျိုးသမီးအသင်းတို့၏ ထိလဲပြားပစ်ခတ်စဉ်သရုပ်ပြပစ်ခတ်ခြင်းကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါ (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၂၈ သင်းဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၆ ရက်ထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



(၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

# ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက်အတွင်းရှိ လူနေအိမ်များကို KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီး

ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက်အတွင်းရှိ နေအိမ်များအား KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သမားများ ပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီးခဲ့သည့် နေရာပြပုံ




**နေပြည်တော် ဒီဇင်ဘာ ၂၆**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက်အတွင်းရှိ လူနေအိမ်များကို KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ကော့ကရိတ်မြို့ အမှတ်(၅) ရပ်ကွက်အတွင်းသို့ ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ရောက်ရှိလာပြီး လူနေအိမ်များကို မီးရှို့ဖျက်ဆီးကာ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။ အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ၇ နာရီ ၁၅ မိနစ်ခန့်တွင်ရောက်ရှိပြီး မီးငြိမ်းသတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာ နံနက် ၈ နာရီခန့်တွင်မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ် ၁၆ လုံး မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်မှုမရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများကို အိုးမဲ့အိမ်မဲ့ဖြစ်အောင် နေအိမ်များအား အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက် မီးလောင်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "ASHIN KAWVIDA"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်းကုန်းကျေးရွာနေ အင်းကုန်းသိမ် ကျောင်းထိုင်ဆရာတော် အရှင်ကောဝိဒ(ခ)မိုးကျော်အား ည ၆ နာရီ မိနစ်၂၀ တွင်လည်းကောင်း၊ "Zaw yeHtike" Facebookအကောင့်နှင့် "Ei Mon Mon Win" Facebook အကောင့်ပိုင်ရှင်များဖြစ်သော ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မြင်းပြိုင်ကွင်းလမ်းနေသူများဖြစ်သည့် ဇော်ရဲထိုက်နှင့် အိမွန်မွန်ဝင်းတို့ နှစ်ဦးအားယင်းနေ့ ည ၁၂နာရီ မိနစ် ၄၀တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ခင်သီအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက်သမားနှင့် မြေဧသင်များ"** ခေါင်းစဉ်ဖြင့် ၂၇-၁၂-၂၀၂၃ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားမည့် လွတ်လပ်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ သပြေနီကျေးရွာအတွင်းသို့ တပ်မတော်မှ ပစ်ခတ်မှုကြောင့် ကလေးငယ် နှစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရဟု မဟုတ်မမှန် ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် အလူးကျေးရွာနှင့် ဒေါက်ရပ်ကျေးရွာအနီးတွင် ဒီဇင်ဘာ ၂၄ ရက်က တပ်မတော်ယာဉ်တန်းကို KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး တပ်မတော်မှ သပြေနီကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ်နှစ်ဦး သေဆုံးပြီး ဒေသခံပြည်သူ လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း Than Lwin Times က သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်စစ်ဆေးတွေ့ရှိချက်များနှင့် သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်များအရ ဒီဇင်ဘာ ၂၄ ရက်တွင် တပ်မတော်ယာဉ်တန်းကို မိုင်းဆွဲတိုက်ခိုက်ခံရခြင်းမရှိခဲ့သလို အလူးကျေးရွာ၊ ဒေါက်ရပ်ကျေးရွာ၊ သပြေနီကျေးရွာများနှင့် အနီးဝန်းကျင်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ တပ်စခန်းချခြင်း၊ လုံခြုံရေးဆောင်ရွက်ခြင်းများမရှိကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေးမီဒီယာများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသောအခြေအနေများကို အခွင့်ကောင်းယူ၍ နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသခံပြည်သူများက ကြောက်ရွံ့ထိတ်လန့်လာပြီး တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းအမှားများကို အချိန်ကိုက်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# ပွင့်နေသောပန်းကလေးများ

မောင်သိန်းနိုင်(လက်ဖက်ရည်)



(၁)

"ဒီကျောင်းဆရာအလုပ်ကို လိုချင်လွန်းလို့ ဆယ်တန်းအောင်အောင် ကြိုးစားခဲ့ပြီး ဘွဲ့ရအောင်ယူခဲ့တာဗျ။ ကျွန်တော်ကတော့ လုပ်မှာပဲအဖေ"

ဖခင်ဖြစ်သူကို ပြန်လည်တုံ့ပြန်ပြောဆိုနေသော ဝေယံကို မိခင်ဖြစ်သူ ငေး၍ကြည့်နေမိတော့သည်။ ငယ်ငယ်လေးကတည်းက မိဘအပေါ် လိမ္မာယဉ်ကျေးစွာပြောဆိုတတ်သော သူ့သားလေးက အဖေဖြစ်သူကို မာန်ပါပါနှင့် ခွန်းတုံ့ပြန်နေသည်ကို သူ ငေးကြည့်နေမိခြင်းဖြစ်သည်။

"မင်းက ဘွဲ့လေးတစ်ခုရလာတာနဲ့ မိဘစကားနားမထောင်ချင်တော့ဘူးပေါ့၊ မိဘစကားနားမထောင်ချင်တဲ့ကောင် မင်းထိုက်နဲ့မင်းကံပေါ့ကွာ"

ဦးသိန်းနိုင် ဒေါသထွက်သွားသည်။ သူဖြစ်စေချင်သလိုဖြစ်မလာသော သားဖြစ်သူအပေါ်၌လည်း စိတ်အလိုမကျဖြစ်နေသည်။ စီးပွားရေးဘွဲ့ယူထားသည့် သူ့သားကို စီးပွားရေးပညာရှင်ဖြစ်စေချင်သည်။ စီးပွားရေးလုပ်ငန်းတွင် အောင်မြင်ကျော်ကြားသော လူချမ်းသာစာရင်းဝင်တစ်ယောက်ဖြစ်စေချင်သည်။ သို့သော် သားဖြစ်သူကစိတ်မဝင်စား၊ အကျောက်အကန် ငြင်းဆန်နေတော့သည်။ ထို့ကြောင့်ပင် ဦးသိန်းနိုင်တစ်ယောက် သားအပေါ် ဒေါသထွက်နေခြင်းပင်ဖြစ်သည်။

"တောက်၊ အေး မင်းရွေးချယ်တဲ့လမ်း မင်းရောက်အောင်သာလျှောက်။ ငါ့ကိုတော့ ဘယ်တော့မှ အပူလာမကပ်နဲ့ကွ"

ဦးသိန်းနိုင် အလွန်ပင်ဒေါသထွက်သွားသည်။ မည်သို့မျှပြော၍မရတော့မှန်းလည်း သိလိုက်သည်။ ထို့ကြောင့် မျက်နှာကိုလွဲကာ သားဖြစ်သူကိုစိတ်ရှိလက်ရှိ ပြောချလိုက်ခြင်းဖြစ်သည်။

(၂)

နေ့လယ် ၁၂ နာရီထိုးသည်နှင့် မုန့်စားကျောင်းဆင်းသည်။ ကလေးများနှင့်အတူ ဆရာ၊ ဆရာမများပါ အိမ်မှပါလာသော ထမင်းချိုင့်ကလေးများကိုဖွင့်၍ စားသောက်ကြသည်။

မုန့်စားကျောင်းဆင်းချိန်ရောက်တိုင်း ဆရာဝေယံ သူ့တပည့်ကလေးများရှိရာသို့ မသိမသာကလေး ဝေ့ပတ်ကြည့်တတ်သည်။ အချို့ကလေးများက ဟင်းကောင်းကလေးများ ထမင်းချိုင့်ထဲပါလာတတ်ကြသည်။ အချို့ကလေးများမှာ ရှက်ကြမ်းရေကျိုဟင်းအမည်ဆိုရုံမျှ ဟင်းကလေးများပါလာတတ်သည်။ ထိုကလေးမျိုးတစ်ယောက်၊ နှစ်ယောက်စတွေ့လျှင် သူ့နားနေခန်းသို့ခေါ်၍ ဟင်းများပေးတတ်သည်။ ထမင်းချိုင့်ပါမလာသောကလေးများကိုပင် ကိုယ်တိုင်ပိုက်ဆံထုတ်၍ မုန့်ဝယ်ကျွေးတတ်သေးသည်။

"ဆရာ ရပါတယ်။ သား အိမ်ကထမင်းစားလာပါတယ်"

ဖိုးထူးသည် သူ့အခန်းထဲရှိကျောင်းသားများထဲတွင် အဆင်းရဲဆုံးဖြစ်သည်။ လက်လုပ်လက်စား မိဘများထံတွင် လူဖြစ်ခွင့်ရသောကြောင့် ဖိုးထူးဘဝက အခြားကလေးများလို မပြည့်စုံလှပေ။ တစ်ခါတလေ စာအုပ်ဖိုးပင်မရှိလို့ သူကိုယ်တိုင်ပင် မကြာခဏ ဝယ်ပေးရတတ်သည်။

"ဖိုးထူး ဆရာ လိမ်ပြောတာမကြိုက်မှန်း သား သိတယ်နော်"

ဖိုးထူး ခေါင်းငိုက်စိုက်ချကာ လက်ပိုက်ရပ်နေသည်။ ဆရာ့ကိုလည်း ဘာတစ်ခွန်းမှစကားပြန်မဆို၊ ငိုင်ငိုင်ကြီးသာရပ်နေတော့သည်။

"သားကိုခွင့်လွှတ်ပါဆရာ၊ သား ဆရာ့ကို လိမ်ပြောမိပါတယ်။ သားကို ဆရာက အမြဲတမ်း ထမင်းကျွေးနေတော့ သား အားနာလာလို့ လိမ်ပြောမိတာပါဆရာ"

ဖိုးထူး၏ ပါးပြင်နှစ်ဖက်ပေါ်တွင် မျက်ရည်များ ကျလာသည်။ ဝမ်းနည်းမှု၊ ကြေကွဲစိုးနစ်မှုများက အရွယ်နှင့်မလိုက်အောင်ပင် ခံစားရခက်သော ဒဏ်ရာဖြစ်နေတော့သည်။

"သား မငိုနဲ့တော့နော်၊ ဆရာ့ကို နောက်တစ်ခါ မလိမ်နဲ့နော်၊ ဆရာ လိမ်ပြောတာမကြိုက်ဘူးကွ"

(၃)

"မင်း သားတော့ပြန်ရောက်လာပါပြီ။ မဖြစ်စလောက်လစာလေးနဲ့ ဆရာအခေါ်ခံချင်တဲ့ကောင်၊ ငါငွေတွေ အကုန်ခံပြီးသင်ပေးထားတာ အလကားပါပဲကွာ"

ဦးသိန်းနိုင် သားအပေါ် ထားသောအငြိုးက ယခုထိပင် မပြေနိုင်ပေ။ သူမျှော်မှန်းထားသလို ဖြစ်မလာသည့် သားအပေါ်၌လည်း မကျေမနပ်ဖြစ်နေပုံရသည်။ သားဖြစ်သူ ကျောင်းဆရာဘဝကိုရွေးချယ်လိုက်ကတည်းက ယခုအချိန်ထိ သားကိုမျက်နှာချင်းဆိုင်ပြီး စကားမပြောတော့ပေ။

"တော်ကိုက လောဘကြီးနေတာပါ။ ကျုပ်သားက သူ ဝါသနာပါတာသူလုပ်ရလို့ ပျော်နေတာလေ။ ကိုယ်မွေးထားတဲ့သား ပျော်နေတာကို မကြည့်ချင်တဲ့အဖေဆိုလို့ ဒီကမ္ဘာမှာ တော်တစ်ယောက်ပဲရှိမယ်လို့ ကျုပ်တော့ထင်တယ် တော်ရေ"

ဒေါ်နှင်းမှုံ ယောကျ်ားဖြစ်သူကို မေးငေါ့ရန်တွေ့ကာ ခြေဖနောင့်ကိုဆောင့်၍ သားရှိရာသို့ လှည့်ထွက်သွားတော့သည်။

"သား ဒီကနေ့ လစာထုတ်တယ်အမေ။ အဖေနဲ့အမေကို သားလုပ်အားခနဲ့ကန်တော့မလို့"

ဆရာဝေယံ တစ်လတစ်ခါလစာထုတ်တိုင်း မိဘကို အမြဲကန်တော့သည်။ သူလိုသလောက်သာသုံးပြီး ကျန်သမျှလစာကို မိခင်ဖြစ်သူထံပေး၍ လစဉ်လတိုင်း ကန်တော့သည်။ သို့သော်လည်း ဖခင်ဖြစ်သူသည် ထိုသို့ကန်တော့ခြင်းကို သဘောမတွေ့သဖြင့် သားဖြစ်သူလာကန်တော့တိုင်း အမြဲရှောင်နေတတ်သည်။

(၄)

ထိုနေ့က မိုးအလွန်သည်းသည်။ ဆရာဝေယံ မိုးအတိတ်ကို ခဏစောင့်နေရင်း အချိန်လည်းနောက်ကျသွားသည်။ ကားမှတ်တိုင်ကို ရောက်သည့်အချိန်ပင် ည ၇ နာရီခန့်ရှိနေသည်။ မိုးအလွန်သည်းသောကြောင့် ဆောင်းထားသောထီးကလေးပင် ရေမလုံတော့သဖြင့် တစ်ကိုယ်လုံးလည်း စိုရွှဲနေလေတော့သည်။ ကားတစ်စီးမှတ်တိုင် ဆိုက်လာသဖြင့် အပြေးအလွှားပင် ပြေးတက်လိုက်သည်။ မိုးရွာတာ တိတ်နိုးနိုးဖြင့် စောင့်နေရသည်မှာ ပို၍ပင်အချိန်ကြာသွားတော့သည်။

"အမယ်လေး ကားဆရာရယ်၊ ဖြည်းဖြည်းမောင်းပါတော်။ တကတဲ ဒုံးပျံအမြီးဆွဲလိုက်ရသလိုပါပဲ"

ကားမောင်းတာ အရှိန်များလွန်းသောကြောင့် ခရီးသည်အမျိုးသမီးတစ်ဦးမှာကားဒရိုက်ဘာကို ရန်တွေ့လိုက်ခြင်းပင်ဖြစ်သည်။

"ကျွန်တော်လဲ လျှော့မောင်းထားတာပါ အစ်မရယ်။ ရှေ့ကားကိုကျော်နိုင်မှ ရှေ့မှတ်တိုင်က လူလေးရမှာမို့ပါ။ အတတ်နိုင်ဆုံးအန္တရာယ်ကင်းအောင် မောင်းပေးနေပါတယ်ဗျာ"

ကားဆရာက အသနားခံသောအမူအရာဖြင့် ပြောပြလိုက်မှထိုအမျိုးသမီးကြီးငြိမ်သွားသည်။ သို့ဖြင့်သာဆိုရင် မလွယ်နိုင်ချေ။ ထိုအမျိုးသမီး၏ပုံမှာ သူ့မှတ်တိုင်မရောက်မချင်းပြောနေမည့်ပုံပေါက်သည်။

"ဒုံး"

"ဟာ သွားပြီဟေ့ ကား ကားချင်းချိတ်မိသွားပြီ"

ဆရာဝေယံစီးသောကားကို ကားတစ်စီးက ချိတ်မိပြီး ယာဉ်တိုက်မှုဖြစ်ရာတွင် ဆရာဝေယံ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

"ကိုသိန်းနိုင်ရယ် တော် အဲဒီလိုတော့မပြောပါနဲ့တော်။ လူဆိုတာ သေတစ်နေ့မွေးတစ်နေ့တော့၊ ဘယ်နေ့သေမယ်၊ ဘယ်အချိန်သေမယ်၊ ဘယ်နေရာမှာသေမယ်၊ ဘာရောဂါနဲ့သေမယ်လို့ ဘယ်သူတွေသိမှာတုန်းတော့၊ သေသွားတဲ့ရုပ်ကလာပ်ကိုတောင် ဘယ်နေရာမှာ မြေမြှုပ်ရမယ်ဆိုတာ ဘယ်သူတွေများသိလို့တုန်း၊ ကျုပ်သားလေးလဲ သူ့ကံပါသလောက်နေရတာပါတော်"

"ဒီကျောင်းဆရာအလုပ်ကိုသာမလုပ်ရင် ကားတိုးစီးစရာကိုမလိုဘူးကွ။ အခုတော့ကွာ"

ဦးသိန်းနိုင်တစ်ယောက် ပြောဆိုရင်းပင် ငိုသံပါလာသည်။ မျက်ရည်များလည်း ကျလာသည်။ ယောကျ်ားတစ်ယောက်၏ ဣန္ဒြေကိုပင် မဆယ်နိုင်တော့ဘဲ ငိုချလိုက်လေတော့သည်။

(၅)

ရာသီအလီလီပြောင်း၍ နှစ်များလည်း ပြောင်းလဲခဲ့လေပြီ။ အိုခြင်း၊ နာခြင်း၊ သေခြင်းသဘောက သက်ရှိသတ္တဝါတိုင်းကို ဝါးမျိုလျက်ရှိသည်။ သန်မာစဉ်အချိန်တုန်းက ငါဟဲ့၊ သူဟဲ့ ဆိုသော ငါစိတ်များလည်း ဇရာထောင်းခြင်းနှင့်အတူ ရိုက်ချိုးခံလိုက်ရတော့သည်။ နံနက်တိုင်း မိုးမခလက်ဖက်ရည်ဆိုင်သို့ ဦးသိန်းနိုင် အညောင်းပြေအညာပြေလမ်းလျှောက်၍ လက်ဖက်ရည်သောက်သွားတတ်သည်။

"အဘ အဘ။ မကူးနဲ့အုံး မကူးနဲ့အုံး"

လူငယ်တစ်ဦး ပြူးတူးပျာတာအော်ဟစ်၍ တားလိုက်သည်။ တားချိန်ပင်မရလိုက် ကားကပွတ်၍ တိုက်မိသွားသည်။

"ကားတိုက်တယ် ဟေ့"

လူများဝိုင်းအုံလာသည်။ ကားသမားကိုလည်း သတ်မည်၊ ဖြတ်မည်ဟူ၍ ပြောသံများဖြင့် ဆူညံနေတော့သည်။

"အဘ အဘ"

မျက်လုံးကိုအသာဖွင့်၍ ဦးသိန်းနိုင်ဖြေလိုက်သည်။ ကားပွတ်တိုက်မိသောဒဏ်ကြောင့် လမ်းတော့မလျှောက်နိုင်၊ ဦးခေါင်းအနည်းငယ်လည်း ထိခိုက်သွားဟန်ရှိသောကြောင့် မူးဝေဝေဖြစ်နေပုံရသည်။

"ရပ်ကြည့်မနေကြနဲ့ဟေ့၊ လူနာကိုနီးစပ်ရာဆေးရုံအမြန်ပို့မှဖြစ်မယ်"

အရေးပေါ်လူနာဖြစ်သောကြောင့်ချက်ချင်းဆိုသလို ဆေးရုံဆရာဝန်ကြီးရောက်လာသည်။ လူနာ၏ရောဂါအခြေအနေကို ကြည့်ရှုစစ်ဆေးလိုက်သည်။ လူနာကို အချိန်မီကုသနိုင်လိုက်သဖြင့် ဦးသိန်းနိုင် သေမင်းခံတွင်းဝက တစ်ဖန်လွတ်မြောက်လာခဲ့သည်။

"ဟောဗျာ ဘယ်သူလဲလို့"

ဆေးရုံရောက်စက လူနာအသက်ရှင်ရေး လုံးပန်းနေရသည်နှင့် သေချာမကြည့်မိလိုက်ဘူး။

"အဘ သား ဖိုးထူးလေ။ ဆရာဝေယံရဲ့ တပည့်လေ"

ဦးသိန်းနိုင် ငေးကြည့်နေသည်။ သားဖြစ်သူ အိမ်မှာအမြဲပြောနေကျဖိုးထူးဆိုသည့်ကလေးအကြောင်းကို သူပြန်လည်ကြားယောင်နေမိတော့သည်။

ဆရာဝန်ကြီး ဒေါက်တာဖိုးထူးကိုကြည့်ပြီး ဦးသိန်းနိုင်မျက်ရည်များကျလာတော့သည်။ နှုတ်ကလည်း ထုတ်၍စကားကို အကျယ်ကြီးပြောချမိလိုက်သည်။

"ငါ့သားကျောင်းဆရာကြီးရေ၊ သားပျိုးလိုက်တဲ့ပန်းကလေးတွေက အခုတော့ ဖူးပွင့်နေတာကို အဖေမြင်မိပါပြီကွာ"

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၅၀၉၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၅၀၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းထံမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ဧက ၇၇၉၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၅၀၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင်မှာ ဆောင်းနှမ်းဧက ၇၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၆၅၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဆက်လက် စိုက်ပျိုးလျက်ရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် နှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၈၀၂၄ ဧက၊ ကနီမြို့နယ်တွင်၂၁၀၅၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၉၀၉၅ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၁၆၉၂၀ စုစုပေါင်း ၆၅၀၉၄ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၁၃၁၆၀ ၊ ကနီမြို့နယ်တွင် ဧက၂၄၀၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၂၃၉၀၀ နှင့် ပုလဲမြို့နယ်တွင် ဧက ၁၆၉၂၀ စုစုပေါင်း ဧက ၇၇၉၈၀ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် နှမ်းစိုက်တောင်သူများကို ဆောင်းနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# လားရှိုးမြို့နယ် ကောင်းမတ်ကြိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**လားရှိုး ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကောင်းမတ်ကြိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ လားရှိုးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ကောင်းမတ်ကြိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လားရှိုးမြို့နယ် ကောင်းမတ်ကြိုင်းကျေးရွာ၌ လမ်း အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက် လက်မရှိ ကျေးရွာတွင်းကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၆၀ စုစုပေါင်းငွေကျပ် သိန်း ၂၁၀ အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလပထမပတ်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(မျှော်ဘွယ်)**



# တောင်တွင်းကြီးမြို့နယ် ထန်းတောကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းတောကြီးကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၅ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှက်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ထန်းတောကြီးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထန်းတောကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၁၁၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၈ ဦးကို ငွေကျပ် ၂၅၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂၁ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုံးသိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၆ ဦးကို ရန်ပုံငွေကျပ် ၃၉၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နှံ့ယဉ်**

# သတင်းများနဲ့ သတင်းမှန်

\- သတင်းမှားတွေ ပျံ့သမျှ
လန့်စရာ့ ခုအခြေ၊
သတင်းမှန် အရေးတွက်တော့
ရွေးခက်လှပေ၊
သတင်းများ အထွေထွေ
ရှာဖွေကာ ဆင်ခြင်မှ၊
သတင်းမှန် အတိအကျကို
သိရမည်ပဲ့။

\- တချို့တွေ ရည်ရွယ်ချက်ကလည်း
ဒီနယ်တွက် မဟုတ်ပေ၊
ကိုယ်ကျိုးသာ အရေးပြု
ရှေးရှုလို့နေ၊
သတင်းမှား တမင်ဖြန့်ဝေ
အစဉ်လန့်စေအောင် ပုံဖော်ပြီး၊
ဘဝင်တုန် မငြိမ်းဆေးကို
သိမ်းကျွေးတဲ့ နည်း။

\- သတင်းမှန် ဌာနကြီးတွေတော့
အလှမီး ထိန်ထိန်ဝါ၊
ပြည်သူတွေ သိရှိရအောင်
တိကျထည့်ကာ၊
ဘေးအပေါင်း ရှောင်ရှားစရာ
မှောက်မှားတာ ကင်းစင်ရေး၊
သတင်းမှန် အရေးအသားနဲ့
အလေးထားလို့ပေး။

\- ပြည်သူတွေ ဝေဖန်တွေးလို့
အဖြေမှန်ရေး သုံးသပ်ပါ၊
သတင်းမှန် သတင်းမှား
စဉ်းစားဖွယ်ရာ၊
သတင်းမှား ယုံမိလို့
တွေ့ကြုံမည့် ကံကြမ္မာ
မဟန်စရာ ရှုမြင်ရ၊
သတင်းမှန် အမြန်သိလို့
လက်ရှိခြေ ဆင်ခြင်တွေးမှ
ရင်အေးမဲ့ဘဝ။

\- သတင်းမှန် လေ့လာကြ
ယနေ့ကာလ ခေတ်အခြေ၊
ဘေးအန္တရာယ် ညွှတ်ကွင်းက
လွတ်ကင်းဖို့ပေ၊
မီဒီယာ အရိပ်အောက်က
အဆိပ်အတောက် သတင်းမှားတွေ
ကင်းသွားစေအောင် ဉာဏ်ကိုသုံး၊
သတင်းမှန် ဖတ်မှတ်လို့
အရပ်ရပ် ပြည်တစ်ခွင်က
ဝေလွင်အောင် အလှမ်းမပျက်ဘဲ
အိုကွယ်. . .
ထမ်းရွက် ရွှင်ပြုံး။ ။

**လွမ်းလေးကို(သရက်)**

# ရှာဖွေပုံနည်းလမ်းမကျပါသော်လည်း

စိန်လှိုင်ပိုင်

လောင်းကစားမှုများကို တရားခွင်၌ စစ်ဆေးရာတွင် တရားခံဘက်မှ ခုခံချေပရာ၌ သက်သေခံပစ္စည်းကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ နည်းလမ်းမကျခြင်း အပါအဝင် သက်သေခံစာရွက်စာတမ်းပေါ်ရှိ လက်ရေးလက်မှတ်တို့မှာ တရားခံရေးသားကြောင်း ထင်ရှားပေါ်ပေါက်ခြင်းမရှိ စသည်တို့ကို အကြောင်းပြု ထုချေလေ့ရှိပါသည်။ လောင်းကစားမှုစီရင်ထုံးတစ်ခုတွင် ချဲစာရွက်ပေါ်ရှိ လက်ရေးမှာ တရားခံလက်ရေး မဟုတ်ခြင်း၊ ရှာဖွေပုံနည်းလမ်းမကျခြင်းတို့ကြောင့် အပြစ်မရှိဟု မကောက်ယူနိုင်ကြောင်း သုံးသပ်ဆုံးဖြတ်ထားသည်မှာ လေ့လာသိရှိထိုက်သည်ဖြစ်၍ ရည်ညွှန်းကိုးကား ရေးသားဖော်ပြပါဦးမည်။

အမှုမှာ ၁၉၉၉ ခုနှစ် ဇူလိုင် ၃၁ ရက် နံနက်က ဒုတိယရဲတပ်ကြပ် ဘိုကြည်က ဒုစရိုက်မှုများ စုံစမ်းဖမ်းဆီးရန် ဒိုက်ဦးမြို့နယ် ပန္တက်ကျေးရွာအုပ်စုနေ ရွှေလဝင်းကို လူသွားလမ်းပေါ်တွင် မသင်္ကာဖွယ်ရာ တွေ့၍ ရှာဖွေကြသည်။ ဒုတိယရဲတပ်ကြပ် ဘိုကြည်အပြင် ရဲတပ်သား ထွန်းထွန်းဦး၊ အောင်နိုင်လတ်တို့ ပါဝင်သောအဖွဲ့က သက်သေဦးအေးလွင်၊ ဦးမြင့်ဟန်တို့နှင့်အတူ ရွှေလဝင်းကို ရှာဖွေခြင်းဖြစ်သည်။ ရွှေလဝင်းလွယ်ထားသော လွယ်အိတ်ထဲမှ ချဲထီဘောင်ချာဖြတ်ပိုင်းများ၊ အကြွေးစာရင်း၊ ဘောပင် စုစုပေါင်းပစ္စည်း ၁၁ မျိုးတွေ့ရှိပြီး အိတ်ကပ်အတွင်းမှ ငွေကျပ် ၁၉၆၀ သိမ်းဆည်းရမိသည်။ ဒိုက်ဦးရဲစခန်းတွင် တိုင်ချက်ဖွင့်သည်။

ရွှေလဝင်း ခေါ် ဝင်းနောင်ကို လောင်းကစားဥပဒေပုဒ်မ-၁၅(က)/၁၆(က)ဖြင့် တရားစွဲဆိုခဲ့ရာ ဒိုက်ဦးမြို့နယ်တရားရုံးက ရွှေလဝင်းထံမှ ချဲထီလောင်းကစားပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားလိုဘက်မှ ပေါ်လွင်အောင် သက်သေထင်ရှားပြသနိုင်ခြင်းမရှိဟု သုံးသပ်ပြီး ၎င်းကို အမှုမှ အပြီးအပြတ်လွှတ်သည်။ ရွှေ့နေချုပ်ရုံးက တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခဲ့သည်။ ရွှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက တရားခံရွှေလဝင်း၏ သက်သေခံလွယ်အိတ်ထဲမှ ချဲထီဘောင်ချာများ တွေ့ရှိခြင်းမှာ ပေါ်လွင်ကြောင်း၊ ထိုလွယ်အိတ်ကို ပိန်းတောထဲက ကောက်ယူပြီး မိမိပစ္စည်းဖြစ်သည်ဟု စွပ်စွဲခြင်းဖြစ်ကြောင်း ရွှေလဝင်းက ထုချေသော်လည်း မခိုင်လုံကြောင်း၊ ရွှေလဝင်းကို လောင်းကစားဥပဒေပုဒ်မ-၁၅(က)အရ အပြစ်ပေးသင့်ကြောင်း လျှောက်ထားခဲ့ပါသည်။

အယူခံတရားခံ ရွှေလဝင်း ခေါ် ဝင်းနောင်၏ ရွှေ့နေက အများပြည်သူဆိုင်ရာနေရာတွင် လောင်းကစားပစ္စည်းများ ရှာဖွေသိမ်းဆည်းရာ၌ လုပ်ထုံးလုပ်နည်းမကျကြောင်း၊ ရှာဖွေသက်သေလူကြီးများက ရှာဖွေပုံစံအလွတ်ပေါ်တွင် လက်မှတ်ထိုးခဲ့ခြင်းဖြစ်ကြောင်း၊ သက်သေခံလောင်းကစားပစ္စည်းများကိုလည်း တင်ပြနိုင်ခြင်းမရှိကြောင်း၊ ချဲထီလောင်းကစားခြင်းကို စီမံခန့်ခွဲမှုပြုကြောင်း ကောက်ယူနိုင်သည့် သက်သေခံအထောက်အထားများ မပေါ်ပေါက်၍ အမှုမှလွှတ်ထားသည့်အမိန့်ကို အတည်ပြုပေးစေလိုကြောင်း လျှောက်ထားခဲ့ပါသည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

လောင်းကစားပစ္စည်းများကို တရားရုံးသို့ မတင်ပြနိုင်သည်မှာ မှန်သော်လည်း ရှာဖွေဖမ်းဆီးရာတွင် လုပ်ထုံးလုပ်နည်းမညီကြောင်းမှာ မပေါ်လွင်ကြောင်း၊ ဒုတိယရဲတပ်ကြပ် ဘိုကြည်နှင့်အဖွဲ့သည် ရွှေလဝင်းကို လူသွားလမ်းပေါ်တွင် မသင်္ကာဖွယ်ရာတွေ့၍ ရဲတပ်သား ထွန်းထွန်းဦး၊ အောင်နိုင်လတ်တို့နှင့်အတူ ရှာဖွေခြင်းဖြစ်ကြောင်း၊ ထိုရဲတပ်ဖွဲ့က ရွှေလဝင်း လွယ်ထားသော လွယ်အိတ်ထဲတွင် ချဲထီဘောင်ချာဖြတ်ပိုင်းများ၊ အကြွေးစာရင်း၊ ဘောပင် စုစုပေါင်း ပစ္စည်း ၁၁ မျိုးနှင့်အတူ အိတ်ကပ်အတွင်းမှ ငွေကျပ် ၁၉၆၀ သိမ်းဆည်းရမိကြောင်း စိစစ်ဖော်ထုတ်ခဲ့ပါသည်။

လမ်းတွင် မသင်္ကာဖွယ်ရာ ရွှေလဝင်းကို ကြုံကြိုက်၍ရှာဖွေခြင်းဖြစ်ရာ သက်သေများကို တစ်နေရာတည်းမှာ ရချင်မှရမည်ဖြစ်ကြောင်း၊ လောင်းကစားပစ္စည်းကလည်း တွေ့နေသဖြင့် ဦးမြင့်ဟန် (လိုပြ-၃) နှင့် ဦးအေးထွန်း (လိုပြ-၅) တို့ကိုခေါ်၍ ရှာဖွေပုံစံ(သက်သေခံ-၁) တွင် လက်မှတ်ရေးထိုးခိုင်းခြင်းမှာ မှန်ကန်သည့်အလုပ်ဖြစ်ကြောင်း၊ ရွှေလဝင်းကို လက်ထိပ်ခတ်ထားပြီးမှ ချဲထီဘောင်ချာများကို သိမ်းဆည်းခြင်းမှာ လောင်းကစားဥပဒေ၊ နည်းဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိကြောင်း၊ သက်သေခံပစ္စည်းများကို လက်ရေးပါရဂူထံပို့ထား၍ ရုံးရှေ့မတင်ပြနိုင်ခြင်းဖြစ်ကြောင်း စိစစ်ဖော်ထုတ်ခဲ့ပါသည်။

မူလကတည်းက မသိမ်းဘဲထားသော ပစ္စည်းများမဟုတ်၊ ချဲထီဘောင်ချာပေါ်ရှိ လက်ရေးဂဏန်းများကို ရွှေလဝင်းရေး၊ မရေး အင်းစိန်မှုခင်းတပ်ဖွဲ့သို့ ရွှေလဝင်း လက်ရေးနမူနာဖြင့်ပို့ခဲ့ကြောင်း၊ ရွှေလဝင်းက လက်ရေးဖျက်ရေးသားထား၍ လက်ရေးထပ်မံရယူပြီး ပို့ခဲ့ရာ မှုခင်းတပ်ဖွဲ့၏ ပြန်ကြားချက်မရောက်မီ အမိန့်ချမှတ်သဖြင့် အမှုတွင် သက်သေခံအထောက်အထားတစ်ရပ် လျော့နေခြင်းဖြစ်ကြောင်း စိစစ်ဖော်ထုတ်ခဲ့ပါသည်။

တရားခံ ရွှေလဝင်းက လက်ရေးဖျက်ရေးသားခြင်းသည် မရိုးသားမှုကို ပြနေကြောင်း၊ ၎င်း၏လွယ်အိတ်ထဲမှ ချဲထီရောင်းသည့်နေရာတွင် အသုံးပြုသည့် ချဲထီဘောင်ချာများ၊ ကာဗွန်စာရွက်များ၊ ဘောပင်၊ ငွေတန်ဖိုး၊ အမည်များ ရေးသားထားသော စာအုပ်တစ်အုပ်နှင့် ချဲထီအကွက်ပါသော စာအုပ်တစ်အုပ် သိမ်းဆည်းရမိကြောင်း၊ ရှာဖွေပုံစံ (သက်သေခံ-ခ) အရ ထင်ရှားကြောင်း၊ ချဲထီဘောင်ချာမိသည်ဆိုလျှင် ချဲထိုးသူဖြစ်နိုင်ပြီး ချဲထီဘောင်ချာစာအုပ်နှစ်အုပ်မိခြင်းမှာ ချဲရောင်းသူကိုင်သောပစ္စည်းများဖြစ်ကြောင်း ရုံးတော်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

ကိုလေးဝင်းဆိုသူက အချင်းဖြစ်နေ့က ရွှေလဝင်း စက်ဘီးတွင်လည်းကောင်း၊ ကိုယ်တွင်လည်းကောင်း လွယ်အိတ်ကိုမတွေ့ပါဟု ထွက်ဆိုထားသော်လည်း လမ်းဘေးလယ်ကွက်တွင် ရေလျှောနေခိုက် ကိုလေးဝင်းက မြင်တွေ့ရမှုကို အစစ်ခံခြင်းဖြစ်ရာ ရွှေလဝင်းတွင် လွယ်အိတ်ပါသည်၊ မပါသည်ကိုလည်းကောင်း၊ ရဲများက မည်သို့ဖမ်းဆီးသည်ကိုလည်းကောင်း တိကျစွာပြောနိုင်သည်မဟုတ်ရာ ကိုယ့်ရွာသားဖြစ်၍ တရားခံသက်သာအောင် ထွက်ဆိုခြင်းသာဖြစ်ကြောင်း၊ ရယကအဖွဲ့ဝင် ဦးကြည်ဝင်းနှင့် ဦးခင်ဝင်းတို့က ရွှေလဝင်း ချဲထီလောင်းကစားခြင်း၊ ဒိုင်ကိုင်ခြင်းမလုပ်ကြောင်း ယေဘုယျသဘောသာအစစ်ခံရာ အချင်းဖြစ်စဉ်က အခြေအနေကို မြင်တွေ့သူများမဟုတ်ကြောင်း ရုံးတော်က စိစစ်သုံးသပ်ခဲ့ပါသည်။

ရဲတပ်ဖွဲ့က မသင်္ကာရှာဖွေရာ ရွှေလဝင်း၏ လွယ်အိတ်ထဲမှ ချဲထီစာရွက်၊ ဘောပင်၊ ကာဗွန်နှင့် ချဲထီစာအုပ်များတွေ့ရှိခြင်းမှာ အထင်အရှားဖြစ်နေရာ ချဲရောင်းသူဟု ကောက်ယူရမည်ဖြစ်ကြောင်း၊ အမှု၏ အကြောင်းခြင်းရာက ချဲထီရောင်းခြင်းကို ပေါ်လွင်စေကြောင်း၊ **ရွှေလဝင်း၏ လက်ရေးမဟုတ်ခြင်း၊ ရှာဖွေပုံနည်းလမ်းမကျခြင်း စသည်တို့မှာ ၎င်းထံမှ လောင်းကစားပစ္စည်းများ သိမ်းဆည်းရမိမှုကို မချေဖျက်နိုင်ကြောင်း ရုံးတော်က သုံးသပ်ဝေဖန်ခဲ့ပါသည်။**

မူလရုံးက အချင်းဖြစ်ပစ္စည်းများကို ရွှေလဝင်းထံမှ သိမ်းဆည်းရမိကြောင်း တရားလိုဘက်မှ ပေါ်လွင်အောင် သက်သေထင်ရှားမပြနိုင်ဟု သုံးသပ်၍ တရားခံကို လွှတ်ခြင်းမှာ မမှန်ကန်ကြောင်း၊ ထိုကဲ့သို့သော လောင်းကစားနည်းတွင် ဒိုင်အဖြစ် ဆောင်ရွက်သူဖြစ်၍ လောင်းကစားဥပဒေပုဒ်မ ၁၀ (က)ကို ကျူးလွန်ဖောက်ဖျက်ရာရောက်သဖြင့် တစ်နည်းအားဖြင့် ပုဒ်မ ၁၅ (က) အရ အပြစ်ရှိသူဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့် အယူခံမှုကို ခွင့်ပြုပြီး ရွှေလဝင်း ခေါ် ဝင်းနောင်ကို အမှုမှအပြီးအပြတ်လွှတ်ခဲ့သည့် မူလရုံး၏အမိန့်ကို ပယ်ဖျက်၍ ၎င်းအား လောင်းကစားဥပဒေပုဒ်မ ၁၅(က)အရ အလုပ်နှင့် ထောင်ဒဏ်တစ်နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်ပါသည်။ သက်သေခံငွေ ၁၉၆၀ ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ရွှေလဝင်း ခေါ် ဝင်းနောင် ၂၀၀၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ်-၃၈၉ ကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ရပါသည်။



# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၄၅၂၅ ဧက စိုက်ပျိုးပြီးစီး

**ချောင်းဦး ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၄၅၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၁၃၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာ ၂၅ ရက်ထိ ၄၅၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ချောင်းဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားတယ်။ ဒီဇင်ဘာ ၂၅ ရက်ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီသီး စတဲ့ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးလျက်ရှိပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းနှင့် တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)



# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလတွင် ငှက်ပျောမျိုးစုံအဖီးရေ ၃၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၆**

ရောဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်း မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလတွင် ငှက်ပျောသီး မျိုးစုံအဖီးရေ ၃၅၀၀၀၀ ထိတင်ပို့ ရောင်းချခဲ့ရကြောင်း မော်လမြိုင် ကျွန်းမြို့နယ် ငှက်ပျောရောင်းဝယ် ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသထွက် ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်း ချလျက်ရှိပြီး ပြီးခဲ့သည့် အောက်တို ဘာလက ငှက်ပျောသီးမျိုးစုံ အဖီး ရေ ၂၇၀၀၀၀ ထိ သာတင်ပို့ရောင်း ချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငှက်ပျောသီးမျိုးစုံ အဖီးရေ ၃၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ ကြောင်း၊ ထိုသို့ တင်ပို့ရောင်းချခဲ့ သည့် ငှက်ပျောသီးများသည် ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ဆင်စွယ် စသည့် ငှက်ပျောအမျိုးအစားများ အများဆုံး တင်ပို့ရောင်းချခဲ့ရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလ အတွင်းက ငှက်ပျောမျိုးစုံ အဖီးရေ ၂၇၀၀၀၀ ထိ ရန်ကုန်ဈေးကွက်သို့ တင်ပို့နိုင်ခဲ့ပါတယ်။ နိုဝင်ဘာလမှာ ငှက်ပျောသီးမျိုးစုံအဖီးရေ ၃၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ငှက်ပျောသီး အဝယ်လိုက် မြို့ ဈေးကောင်းလာတော့ ငှက်ပျော စိုက်တဲ့ တောင်သူတွေအနေနဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငှက် ပျောတွေ ထပ်တိုးစိုက်ပျိုးဖို့လုပ် နေတာ တွေ့ရပါတယ်။ လက်ရှိ ပွဲရုံတွေဆီ ငှက်ပျောသီးတွေ အဝင်အထွက် မျှနေပါတယ်"ဟု ဒေါ်အိအိထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်း ချခဲ့သည့် ငှက်ပျောသီးဈေးနှုန်း များသည် ဖီးကြမ်း အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၂၀၀၀၀၊ ရခိုင် ငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀၊ သီးမွှေးငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀ နှင့် ဆင်စွယ်ငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ဈေးပေါက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စစ်ကိုင်းခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ၁၁၀၁၉ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း နှင့် ပူးစားပြောင်း ၁၁၀၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်း ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ ထုတ်ပြောင်းနှင့် ပူးစားပြောင်းသီးနှံ ၁၉၃၃၅ ဧက စိုက်ပျိုးရန်လျာထား ပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၀၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ စစ်ကိုင်းခရိုင်မှာ ပြောင်းသီးနှံ ဧက ၁၉၀၀၀ ကျော် လျာထား စိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်စိုက်ပျိုးလျက်ရှိပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင် မြင်ဖို့အတွက် အသိပညာပေးတာ တွေ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်း ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် ပြောင်းသီးနှံ မြို့နယ်အလိုက် စိုက် ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့ နယ်တွင် အစေ့ထုတ်ပြောင်း ၂၈၄၈ ဧက၊ ပူးစားပြောင်း ၁၈၈၉၁ ဧက၊ မြင်းမူမြို့နယ်တွင် အစေ့ ထုတ်ပြောင်း ၂၁၀၈ ဧက၊ ပူးစား ပြောင်း ၄၉၇၉ ဧကနှင့် မြောင် မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၂၀၅၁ ဧက၊ ပူးစားပြောင်း ၁၄၂



ဧက စုစုပေါင်း ၁၁၀၁၉ ဧကဖြစ် ကြောင်း၊ လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် အစေ့ထုတ် ပြောင်း ၃၅၇၄ ဧက၊ ပူးစားပြောင်း ၁၉၃၁၆ ဧက၊ မြင်းမူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၂၁၈၁ ဧက၊ ပူးစားပြောင်း ၆၃၃၅ ဧက၊ မြောင် မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၇၂၁၄ ဧက၊ ပူးစားပြောင်း ၇၁၅ ဧက စုစုပေါင်း ၁၉၃၃၅ ဧကတို့ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် ပြောင်းသီးနှံစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင် ကာကွယ်ရေး စသည့် စိုက်ပျိုးရေး ဆိုင်ရာများ အသိပညာပေးလျက် ရှိကြောင်း သိရသည်။

(၂၀၆)

# မိုင်းရယ်မြို့နယ် နောင်လုံကျေးရွာ၌ သံဂဟေဆက်သင်တန်းဖွင့်ပွဲ ကျင်းပ

**မိုင်းရယ် ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူ များ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်ရည်ရွယ်၍ အသက် မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေဆက်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နောင်လုံကျေး ရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင် အောင်လွင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင် ဝင်းခိုင်ဦးက သင်တန်းသားများအနေ ဖြင့် သင်တန်းမှပို့ချမည့် သံဂဟေ ဆက်နည်းများကို စနစ်တကျ သင်ယူလေ့လာပြီး လက်တွေ့ လုပ်ငန်းခွင်များတွင် ပြန်လည် အသုံးချကြစေလိုကြောင်း ပြော ကြားကြောင်း သိရသည်။

ထို့နောက် သင်တန်းနည်းပြ များက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်း ပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သံဂဟေဆက် သင်တန်းသို့ မိုင်းရယ်မြို့နယ် နောင်လုံကျေးရွာအပါအဝင် ကျေး ရွာသုံးရွာရှိ သင်တန်းသား ၁၅ ဦး တက်ရောက်ကြပြီး သင်တန်း တွင် သံဂဟေဆက်နည်းများကို ကျွမ်းကျင်နည်းပြနှစ်ဦးက ယနေ့မှ စ၍ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်ထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**နီလာ**

# သာပေါင်းမြို့နယ် ကျောက်စရစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာပေါင်း ဒီဇင်ဘာ ၂၆**

ရောဝတီတိုင်းဒေသကြီး ပုသိမ် ခရိုင် သာပေါင်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ရွှေစံအိုးကျေးရွာအုပ်စု ကျောက် စရစ်ကုန်းကျေးရွာ၌ တတိယ အကြိမ် မြစိမ်းရောင်ကျေးရွာစီမံ ကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင် နွယ်က မြစိမ်းရောင်ကျေးရွာစီမံ ကိန်းသည် ကျေးလက်နေပြည်သူ များ ဆင်းရဲမှုလျှော့ကျစေရန်၊ မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ် ပေးခြင်းဖြစ်ကြောင်း၊ အသင်းသား များအနေဖြင့် စီမံကိန်းလက်စွဲစာ စောင်ပါညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်ကြရန်နှင့် ရန်ပုံငွေလေလွင့်မှုမရှိစေရေး ပြော ကြားပြီး မြစိမ်းရောင်ကျေးရွာစီမံ ကိန်း ကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၃၅ သိန်း လွှဲ ပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က မြစိမ်း ရောင်ကျေးရွာစီမံကိန်းကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ကျောက် စရစ်ကုန်းကျေးရွာမှ စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင် သူ အသင်းသား၊ အသင်းသူ စုစု ပေါင်း ၁၂၈ ဦးကို ငွေကျပ် ၃၃၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုး(ပန်းတောင်း)**

# ဘုတ်ပြင်းမြို့နယ် အေးချမ်းမြိုင်(၁)ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ဘုတ်ပြင်း ဒီဇင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ဘုတ် ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက အေးချမ်းမြိုင်(၁)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ် ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်း ဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ဘုတ်ပြင်းခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦး၊ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့ နယ်ဦးစီးမှူး ဒေါ်အေးသက်သက် ခိုင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်း များက အေးချမ်းမြိုင်(၁)ကျေးရွာ ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများဖြင့် စိုက်ပျိုးရေး၊ ရောင်းဝယ်ရေး၊ အသေးစား စက်မှုလက်မှုနှင့် ရေလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ စာရင်းဇယား များ မှန်ကန်စွာရေးသွင်းထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန် ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဘုတ်ပြင်းမြို့နယ် အေးချမ်း မြိုင်(၁)ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ ရေ လုပ်ငန်းနှင့် အသေးစားစက်မှု လက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစု ပေါင်းအသင်းသား၊ အသင်းသူ ၃၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၂၉၉ သိန်း ထုတ်ချေးပေးထား ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**



# သမိုင်းကို လှလှပပရေးခဲ့ကြသူများ

**ကိုကို(မန္တလေး)**

ကျွန်တော်က နန်းရှေ့ ၁၉ လမ်း ကြိုင်သင်း လက်ဖက်ရည်ဆိုင်မှာရေးကပ်ထားတဲ့ စာတန်းတစ်ခုကို ဘယ်တော့မှမမေ့မရနိုင်ပါဘူး။ "သူများသမိုင်းကို ချည်း ကြည့်မနေနဲ့၊ ကိုယ့်သမိုင်းကို ကိုယ်လှအောင်ရေး"တဲ့ အလွန်အဖိုးတန်တဲ့စကားလေးပါ။ သူတို့သမိုင်းကို သူတို့ရေးခဲ့ကြတာ။ အရပ်ထဲမှာ ဘကြီးမောင်ဟာ ဘာမှအလုပ်လုပ်တာမရှိ၊ တစ်နေကုန် လက်ဖက်ရည်ဆိုင်ထိုင် အာလာပသလ္လာပပြောတဲ့ အလုပ်ကို သေဆုံးခါနီးထိလုပ်သွားသလို မိတ်ဆွေမြအောင်ဟာလဲ နေရသမျှ သောက်စားပြီး ဖြစ်သလို နေသွားခဲ့ကြတာ။ သူတို့သမိုင်း သူတို့ရေးသွားကြတာပါ။ သူတို့ကိုတော့ လွမ်းလောက်စရာမရှိ။ အဲမြို့မငြိမ်းကြီးဟာ သူ့သမိုင်းလှအောင်ရေးခဲ့ရှာပြီး မန္တလေးသစ်ပင်အလှူရှင် ဦးငွေဟာလဲ မန္တလေးလူထု မေ့မရတဲ့ သူ့သမိုင်း သူရေးသွားပါတယ်။

**ရေးပြီးသမိုင်းဟာ ခဲဖျက်နဲ့ ဖျက်မရဘူး**

တိုင်းပြည်ကို အကျိုးပြုခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ သမိုင်းလှလှပပရေးသွားပြီး ဆန့်ကျင်ဘက် ဦးစောကတော့ သမိုင်းကို အကျည်းတန်အောင် ရေးဖွဲ့သွားပါတယ်။ ဖျက်လို့လဲ မပျက်တော့ပါဘူး။

**သခင်မတောင်ခြေက သမိုင်းလှလှရေးခဲ့သူ**

၁၈၈၅ ခုနှစ်မှာ အင်္ဂလိပ်တွေက မြန်မာဘုရင်သီပေါမင်းကို ဖမ်းခေါ်သွားပြီး မြန်မာတစ်နိုင်ငံလုံး သိမ်းပိုက်အုပ်စိုးလိုက်တဲ့အချိန်မှာ သူ့ကျွန်မခံလိုစိတ်၊ မျိုးချစ်စိတ်နဲ့ အမျိုးဘာသာ သာသနာဆက်လက်ထိန်းသိမ်းနိုင်ဖို့၊ တိုင်းတစ်ပါးသားလက်က ပြန်လည်လွတ်မြောက်ဖို့ သခင်မတောင်ခြေတစ်ဝိုက် နယ်ချဲ့တော်လှန်ရေးဆိုတာပေါ်လာတယ်။

**တော်လှန်ရေးအစ**

အင်္ဂလိပ်တွေ မန္တလေးနန်းတော်ကိုသိမ်းတဲ့ကာလမှာ ပခန်းမင်းကြီးရဲ့သား ဗိုလ်ချင်းဆိုသူဟာ မန္တလေးတောင်ခြေ ပုသိမ်ကြီးမြို့နယ် မန်ကျည်းပင်စောက်ရွာမှာ ခိုလှုံနေပါတယ်။ အင်္ဂလိပ်တွေလဲစဝင်ရော တိုင်းတစ်ပါးသားအုပ်ချုပ်မှုကို လက်မခံနိုင်တဲ့ ဗိုလ်ချင်းဟာ အသက် ၁၇ နှစ်အရွယ် မင်းတုန်းမင်းရဲ့သားတော်တစ်ပါးဖြစ်တဲ့ မြင်းစိုင်းမင်းသားငယ်ကို ရှေ့တန်းတင်ပြီး သခင်မ မမဥရဲ့ ဇာတိအင်ကျင်းရွာက နန်းတွင်းမှာ မင်းမှုထမ်းခဲ့တဲ့ မြင်းဝန်ရွှေဓားဗိုလ် ခေါ် ဗိုလ်သောကြာနဲ့တကွ သခင်မတောင်ခြေမှာရှိတဲ့ ရုံပင်ရွာက ဗိုလ်လက်ဝါးနဲ့ ဗိုလ်ဖိုး၊ နမ်းကြဲရွာက ဗိုလ်ထင်ပေါ်၊ တောင်ပြုံးကြီးကွတ်ရွာက မြို့အုပ်၊ မင်းကန်ရွာက ဗိုလ်ကြူး၊ ဆီးချိုကုန်းက ဗိုလ်ရွာ၊ ဆင်ရွာက ရွှေဓားဗိုလ်နဲ့ သူ့ဇနီးမယ်ပု၊ ကောင်းမွန်ရွာက ဗိုလ်လက်စိုး၊ တောင်ဥယျာဉ်က ဗိုလ်ညိုတို့ကို စည်းရုံးပြီး နယ်ချဲ့တော်လှန်ရေး စခဲ့တယ်။

**အင်္ဂလိပ်တွေ အမိန့်ထုတ်ပြီ**

နန်းတွင်းကနေ မေဂျာဂျင်နရယ်ရိုက်က ဘုရင့်အနွယ်တွေ၊ အမှုထမ်းတွေ၊ တပ်မှူး၊ တပ်ကြပ်တွေဟာ သူတို့အင်္ဂလိပ်တွေကို လက်ခံဖို့စည်းရုံးနေပြီး ဂျင်နရယ်ပရင့်ဒါးဂတ်က မြန်မာမင်းလက်ထက်ကတာဝန်ထမ်းခဲ့တဲ့ စစ်မှုထမ်းတွေ၊ အုပ်ချုပ်သူတွေ မိမိတို့တာဝန်ကို ဆက်အမှုထမ်းကြဖို့ သူတို့လခပေးမယ်ပြောပြီး ဆွယ်ပါတယ်။ ဒါပေမဲ့ ဦးကောင်းနဲ့လူတချို့ကလွဲလို့ ကျန်သူတွေက လက်မခံကြပါဘူး။

**တော်လှန်ရေးအစ နန်းတွင်းဥယျာဉ်မှာ**

ဗိုလ်ချင်းတို့ရဲ့ သတင်းပေးမှုအရ နန်းတွင်းဥယျာဉ်မှာ အင်္ဂလိပ်အရာရှိတွေ ညှော်ခံပွဲရှိတာ အကြောင်းကြားလို့ အင်ကျင်းရွာက မြင်းဝန်ဟောင်း ရွှေဓားဗိုလ် ခေါ် ဗိုလ်သောကြာဟာ အစေခံသဖွယ် ရုပ်ဖျက်ပြီး ယုန်ကင်ပန်းကန်ကို မလာပြီးနောက် ဗိုလ်ထင်ပေါ်က ကြက်ကောင်လုံးကြော်ပန်းကန်ကို ကိုင်ဝင်လာကြပါတယ်။ သခင်မတောင်ခြေမှာရှိတဲ့ အထက်ဖော်ပြပါရွာတွေက သူရဲကောင်းဗိုလ်သောကြာ၊ ဦးဖိုး၊ ဗိုလ်လက်စိုးတို့ဟာ ဓားတွေကို ရင်အုပ်ထဲမှာ ဝှက်သယ်ယူလာပါတယ်။ ဗိုလ်သောကြာ၊ ဗိုလ်ထင်ပေါ်တို့က ပန်းကန်တွေ စားပွဲပေါ်တင်ပြီး ရင်အုပ်မှာ ဝှက်ယူလာတဲ့ဓားတွေ လျှပ်တစ်ပြက်ထုတ်ပြီး ဗြိတိသျှအရာရှိတွေ ရင်ညွန့်ကို စတင်ထိုးစိုက်လိုက်ကြပါတယ်။ အရာရှိ Kenneth လဲ ရင်ဝဓားတန်းလန်းနဲ့ အိုးမိုင်ဂေါ့အော်ပြီး လဲကျအသက်ပျောက်သွားပါတယ်။ ဗိုလ်သောကြာက ကင်းနက်ကို ဘဲနက်ကြီးသေပြီလို့အော်ပြီး အားလုံး စုတိုက်ပွဲဝင်တာ ဗြိတိသျှဘက်က တပ်ဖွဲ့ဝင်တွေ အတော်ကျသွားပါတယ်။

**ပွဲဦးထွက်အောင်ပွဲနောက် အင်ကျင်းရွာထဲတိုက်ပွဲ**

အင်္ဂလိပ်တွေက ဗိုလ်ချင်းလက်အောက်က အင်ကျင်းရွာက ဗိုလ်သောကြာ ဦးစီးတာကိုသိပြီး တပ်နဲ့လာဝိုင်းပါတယ်။ ဒါဟာ ရွာထဲက လခရမဲ့ သူကြီးရာထူးလိုချင်တဲ့ သစ္စာဖောက် နှစ်ယောက်ကြောင့် သိသွားတာပါ။ ရွှေဓားဗိုလ်က လက်နက်မချဘူး။ လက်မှာ လက်ဖွဲ့ကွင်းစွပ် (သေနတ်ပြီးဓားပြီး) ပန်းကနုတ် ငွေထုံးဘူးထဲက ထုံးနဲ့ကွမ်းယာစားမပျက်ပါဘူး။ ဝိုင်းပစ်တယ်။ အိမ်ကတော့ ဆန်ခါပေါက်ကျသွားတယ်။ နောက် သူက ရန်သူနောက်မှ ဝင်တိုက်တာ အင်္ဂလိပ်တွေ အကျအရှုံးများသွားတယ်။

**ရွှေဓားဗိုလ် ရှမ်းရိုးမဖြတ် နောင်ချိုဘက်တက်စည်းရုံးပြီ**

ရွှေဓားဗိုလ်ဟာ မြင်းတစ်စီးနဲ့ နန္ဒာတန်းတစ်လျှောက် နမ်းကြဲ၊ ရုံပင်၊ မန်ကျည်းပင်စောက် ရွာတွေသတင်းပို့ ဆီးပင်ကြီးကို အခြေခံထားတဲ့ မြင်းစိုင်းအုပ်စုကမှန်းသိသွားတော့ ဗြိတိသျှတပ်တွေက လမ်းကဖြတ်တိုက်တယ်။ ကာနယ်စလေဒင်ကိုယ်တိုင် ဦးစီးဖြတ်တိုက်တာ။ တော်လှန်ရေးသမားတွေ ကျောက်ဆည်ဘက်ရှောင်ပြီး ရှမ်းရိုးမကိုဖြတ်၊ နောင်ချို၊ လုံပီး၊ လုံဝမ်းတို့ဘက်ရွှေ့သွားတယ်။ အဲဒီမှာ ဗိုလ်ချင်းလွှတ်လိုက်တဲ့ စည်းရုံးနေတဲ့ ဆက်သား နှစ်ယောက်ကို သစ္စာဖောက်တွေကဖမ်းပြီး အင်္ဂလိပ်လက် အပ်လိုက်တယ်။

**သမိုင်းလှသူ၊ မလှသူ ဒီနေရာပေါ်ပြီ**

ရွှေဓားဗိုလ်တို့က ကျွန်သပေါက်အောက်က လွတ်ဖို့ သမိုင်းလှလှတွေရေးခဲ့ပေမဲ့ ရွာမှာ၊ ရောက်တဲ့နေရာမှာ၊ ပုန်းရတဲ့ဂူနေရာတစ်ဝိုက် တပည့်ငယ်သား သစ္စာဖောက်တွေကတော့ သူတို့သမိုင်းကို သူတို့ခြေနဲ့ရေးပါတယ်။ ရာဇဝင်ရိုင်းတဲ့ သမိုင်းတွေပေါ့။ သမိုင်းလှသူ၊ မလှသူတွေကို ဘေးလူက သိပါတယ်။ ဖုံးကွယ်လို့မရ၊ ဖျက်ပစ်လို့မှ မရတာကိုး။

**ရှမ်းမချောချော မနန်းအေးနု**

စည်းရုံးရေးဆင်းရင်း ရှမ်း-မြန်မာစကားနှစ်မျိုးတတ်တဲ့ မနန်းအေးနုဟာ တော်လှန်ရေးတိုက်ပွဲမှာ သူပါဝင်ဆင်နွှဲမယ်ဆိုပြီး အင်ကျင်းရွာရွှေဓားဗိုလ် လက်မောင်းဆွဲလို့ နယ်ချဲ့တိုက်ရင်းနဲ့ အစ်ကိုကြီးနဲ့ သေတာမြတ်တယ်။ အရေးနိမ့်မှ လက်တွဲဖြုတ်ယုံကြည်ချက်စွန့်တဲ့ သမိုင်းမလှမပနဲ့တော့ အသေမခံဘူးပြောပြီး ရွှေဓားဗိုလ်နဲ့ တောတွင်းတိုက်ပွဲတွေမှာ ပါ လိုက်ပါတော့တယ်။

**ငှက်ဖျားရယ်၊ အစာငတ်တာရယ်၊ မိရင်ကြိုးစင်တက်ရမှာ**

ရွှေဓားဗိုလ်နဲ့ နန်းအေးနုဟာ တိုက်ပွဲတစ်ခုမှာ ဂူတစ်ခုထဲ ရှောင်နေရင်းနဲ့ ငှက်ဖျားကြောင့် ဖျားနေတဲ့ ရှမ်းမချောလေးကိုပြုစုရင်း နယ်ခံသစ္စာဖောက်လမ်းပြတဲ့အတွက် နယ်ချဲ့လက်ပါးစေတပ်ဟာ ဂူနဲ့နီးလာလို့ ဂူဝမှာ ဓားကိုင်ခုခံဖို့ပြင်နေတော့ ရှမ်းမလေးက အစ်ကိုပြေး အေးနုကိုထားခဲ့တော့ ပြောပေမဲ့ ရွှေဓားဗိုလ်ဟာ အသေခံတိုက်ဖို့ ဆုံးဖြတ်ချက်ချထားပြီးသားပါ။ ကံအားလျော်စွာ နယ်ချဲ့လက်ပါစေ တပ်တွေက ဂူခြေထိရောက်မလာဘဲ ကျော်သွားတယ်။

**လင်မယားဟန်ဆောင် ထမ်းပွေ့ခေါ်လာရသေးသကိုး**

ငှက်ဖျားရယ်၊ အစာမစားရတာရယ်ကြောင့် ရွှေဓားဗိုလ်က ပွေ့တစ်ခါ ထမ်းတစ်လှည့် မင်းဂံဘုတ်ရွာ အရှေ့ရှမ်းရိုးမကဆင်း၊ ချောင်းမကြီးကိုဖြတ် တောင်ယာတောတွေထဲနေ ရှမ်းကုန်သည်လင်မယားဟန်ဆောင်ပြီး အင်ကျင်းရွာကို ပြန်လာခဲ့ကြပါတယ်။ အဲဒီအချိန်မှာ ရွှေဓားဗိုလ်ရဲ့ဇနီးကြီး ဒေါ်ကြီးက ကွယ်လွန်နေခဲ့ပြီး သား မောင်အောင်စီနဲ့ သမီး မချိန်တို့ကလဲ ရှမ်းမနဲ့သဘောတူ အတူနေကြပါတယ်။ အိုလာတဲ့ ရွှေဓားဗိုလ်ဟာ တော်လှန်ရေး အရှိန်တွေ ရပ်သွားတော့ ကျောင်းထောင်ပြီး ကလေးတွေ စာသင်ပေးပါတယ်။ ကျောင်းသားတွေ တော်လှန်ရေးမှာပါတဲ့သူတွေ၊ ရွာသားတွေစုပြီး ရွာဘေးက မြသိန်းတန်တောင်ပေါ်မှာ သခင်မ မမဥမိုးကောင်းဘုရားကို မမဥအိမ်နေရာ နတ်နန်းရဲ့ဟိုးအထက်မှာ တည်ထားခဲ့ပါတယ်။

**ကမ္ပည်းထိုးမထားဘူး။ ဒါပေမဲ့ သမိုင်းလှတယ်။ မွှေးတယ်။**

မွှေးတဲ့သမိုင်း၊ လှတဲ့သမိုင်းကို ရေးခဲ့သူ ရွှေဓားဗိုလ်ရဲ့ ကမ္ပည်းမှတ်တိုင်ကတော့ မရှိတော့ပေမဲ့ သီပေါမင်းလက်ထက်ကတည်းက သူဝတ်ရတဲ့ မြင်းဝန်ရာထူး အနီဝတ်ရုံကို ကျွန်တော်ကိုယ်တိုင်တွေ့ခဲ့ရပါတယ်။ ကနုတ်ငွေထုံးဘူးလေးနဲ့ အဲဒီအထဲက လက်ဖွဲ့ကွင်းတွေ တွေ့ရပါတယ်။ ရွှေဓားဗိုလ်ရွာထဲသွားရင် စီးခဲ့တဲ့လှည်းဟာလဲ အခုတော့လှည်းပေါင်တစ်ဖက်ပဲ ကျန်ပါတော့တယ်။ ဒါကြောင့် ကမ္ပည်းထိုးမထားပေမဲ့ ရွှေဓားဗိုလ်ဟာ သမိုင်းကို လှလှပပရေးထိုးခဲ့သူဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါတယ်။

**ကိုးကား**

- **အောင်ငြိမ်းချမ်းရဲ့ မြန်မာ့ရေချိုသန်းစာအုပ်။**

❖ အင်္ဂလိပ်တွေလဲစဝင်ရော တိုင်းတစ်ပါးသားအုပ်ချုပ်မှုကို လက်မခံနိုင်တဲ့ ဗိုလ်ချင်းဟာ အသက် ၁၇ နှစ်အရွယ် မင်းတုန်းမင်းရဲ့သားတော်တစ်ပါးဖြစ်တဲ့ မြင်းစိုင်းမင်းသားငယ်ကို ရှေ့တန်းတင်ပြီး သခင်မ မမဥရဲ့ ဇာတိအင်ကျင်းရွာက နန်းတွင်းမှာ မင်းမှုထမ်းခဲ့တဲ့ မြင်းဝန်ရွှေဓားဗိုလ်ခေါ် ဗိုလ်သောကြာနဲ့တကွ သခင်မတောင်ခြေမှာရှိတဲ့ ရုံပင်ရွာက ဗိုလ်လက်ဝါးနဲ့ ဗိုလ်ဖိုး၊ နမ်းကြဲရွာက ဗိုလ်ထင်ပေါ်၊ တောင်ပြုံးကြီးကွတ်ရွာက မြို့အုပ်၊ မင်းကန်ရွာက ဗိုလ်ကြူး၊ ဆီးချိုကုန်းက ဗိုလ်ရွာ၊ ဆင်ရွာက ရွှေဓားဗိုလ်နဲ့ သူ့ဇနီးမယ်ပု၊ ကောင်းမွန်ရွာက ဗိုလ်လက်စိုး၊ တောင်ဥယျာဉ်က ဗိုလ်ညိုတို့ကိုစည်းရုံးပြီး နယ်ချဲ့တော်လှန်ရေး စခဲ့တယ်။ ❖

---

# မင်းလှမြို့နယ် ရှမ်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်နေသောလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မင်းလှ ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် လက်ဆက်ကျေးရွာအုပ်စု ရှမ်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့်စီမံကိန်းလုပ်ငန်းကို ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့်ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရှမ်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုရှိ၊ မရှိနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

ရှမ်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်၍ ငွေကျပ် သိန်း ၃၀၀ ဖြင့်ဆောင်ရွက်ခဲ့ရာ ယခုအခါ နဝမအကြိမ်အဖြစ် အိမ်ထောင်စု ၉၇ စုကို ငွေကျပ် ၄၆ ဒသမ ၇၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**သန်းသန်းစိုး**



# ထိုင်းနိုင်ငံတွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် လူဦးရေ ၁၀၀၀၀ ကျော်ရှိနေ



**ဗန်ကောက် ဒီဇင်ဘာ ၂၆**

ထိုင်းနိုင်ငံ တောင်ဘက်ပိုင်းတွင် ခရစ္စမတ်ပွဲတော်ကာလအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် လူဦးရေ ၁၀၀၀၀ ကျော်ထိ ရှိနေကြောင်း ထိုင်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ထိုင်းနိုင်ငံတွင် ဒီဇင်ဘာ ၂၂ ရက်မှစတင်၍ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုသည် ယာလာပြည်နယ်၊ နာရာသီဝက်ပြည်နယ်တို့တွင် ဆိုးရွားစွာဖြစ်ပေါ်နေပြီး စာသင်ကျောင်းများကို ယာယီပိတ်ထားရကြောင်း၊ ထို့ပြင် လမ်းမကြီးတချို့ ပိတ်ဆို့မှုဖြစ်ပေါ်နေသကဲ့သို့ ရထားခရီးစဉ်တချို့ကိုလည်း ယာယီရပ်ဆိုင်းထားရကြောင်း သိရသည်။

"တောင်ဘက်ပိုင်းဒေသတွေမှာ မိုးသည်းထန်စွာ ရွာသွန်းနေသလို လေတိုက်နှုန်းတွေလဲ မြင့်တက်နေတယ်။ ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီးတော့ ပင်လယ်ကွေ့ဘက်ပိုင်းမှာလဲ ရေပမာဏမြင့်တက်နေတယ်။ လာမဲ့ရက်ပိုင်းအတွင်း အရှေ့မြောက်ဘက်ပိုင်းဒေသတွေမှာလဲ မိုးသည်းထန်စွာရွာသွန်းလာနိုင်ပါတယ်"ဟု ထိုင်းအာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ တောင်ဘက်ပိုင်းတွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဒေသခံ ၁၀၀၀၀ ကျော်ကိုလည်း ရေဘေးအန္တရာယ်အခြေအနေ ပိုမိုဆိုးရွားလာပါက ဘေးလွတ်ရာရွှေ့ပြောင်းရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှု လျော့ကျရေးအတွက် အာဏာပိုင်အဖွဲ့အစည်းက ရေနုတ်မြောင်းများကို ရှင်းလင်းပေးခြင်းနှင့် ရေစီးရေလာကောင်းစေရန် ရေထွက်ပေါက်များ ပိတ်ဆို့မှုမဖြစ်စေရေးအတွက်လည်း ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : Sai Sat

# မြေငလျင်ဒဏ်သင့်ပြည်သူများအား လာရောက်ကူညီပေးသော ဆီးရီးယားလူငယ်များအဖွဲ့ကို ကျေးဇူးတင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်

**ပေကျင်း ဒီဇင်ဘာ ၂၆**

တရုတ်နိုင်ငံ ဂန်ဆူပြည်နယ်ရှိ မြေငလျင်ဒဏ်သင့် ပြည်သူများအား ကူညီပေးနေသော ဆီးရီးယားနိုင်ငံမှ ဒေါက်တာဖိုင်အယ်လ်အဘိုင်ဒင်ဦးဆောင်သည့် Syrian Youth ဆီးရီးယားလူငယ်များအဖွဲ့ကို လာရောက်ကူညီပေးနေခြင်းအပေါ် အသိအမှတ်ပြုကြောင်းနှင့် ကျေးဇူးတင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ ဂန်ဆူပြည်နယ်တွင် ဒီဇင်ဘာ ၂၀ ရက်က ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် လူ ၁၄၉ ဦး သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၇၈၁ ဦးထိ ရှိခဲ့ကာ ပျောက်ဆုံးနေသူ နှစ်ဦးကိုလည်း ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြေငလျင်ကြောင့် နေအိမ်ပေါင်း ၂၀၀၀၀၀ ကျော်ထိ ပျက်စီးခဲ့ပြီး ဒေသခံဦးရေ ၁၄၅၀၀၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။



"ဂန်ဆူပြည်နယ်မှာ မြေငလျင်လှုပ်ခတ်မှုဖြစ်တော့ ဆီးရီးယားလူငယ်များအဖွဲ့ဟာ မြေငလျင်ဒဏ်သင့်ပြည်သူတွေကို ကူညီဖို့အတွက် ခွင့်တောင်းလာတယ်။ Syrian Youth အဖွဲ့ကို ဦးဆောင်တဲ့ ဒေါက်တာဖိုင်အယ်လ်အဘိုင်ဒင်ကို ကျေးဇူးတင်သလို အဖွဲ့ဝင်လူငယ်တွေအားလုံးရဲ့ စိတ်ဓာတ်ကိုလဲ လေးစားချီးကျူးပါတယ်။ မြေငလျင်လှုပ်ခတ်ပြီး ဒေသခံတွေ ဒုက္ခရောက်နေတဲ့သတင်း ကြားကြားချင်း ကူညီပေးဖို့အတွက် အားတက်သရောရောက်လာတဲ့ လူငယ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ဆီးရီးယားနိုင်ငံရဲ့ တရုတ်နိုင်ငံအပေါ်ထားရှိတဲ့ ခင်မင်မှုအတွက်လဲ ကျေးဇူးတင်ပါတယ်။ တရုတ်နိုင်ငံနဲ့ ဆီးရီးယားနိုင်ငံရဲ့ ချစ်ကြည်ရေးရေရှည်တည်တံ့ခိုင်မြဲမယ်လို့ယုံကြည်ပါတယ်"ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : Sai Sat

# အီရန်နိုင်ငံတွင် ဒီဇင်ဘာလအတွင်း မြေငလျင်လှုပ်ခတ်မှု ၅၃၆ ကြိမ်ထိရှိခဲ့

**တီဟီရန် ဒီဇင်ဘာ ၂၆**

အီရန်နိုင်ငံတွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း မြေငလျင်လှုပ်ခတ်မှုအကြိမ်ရေ ၅၃၆ ကြိမ်ထိ ရှိခဲ့ကြောင်း တီဟီရန်တက္ကသိုလ် ဘူမိရူပသိပ္ပံအင်စတီကျူက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အီရန်နိုင်ငံတွင် နှစ်စဉ် ဒီဇင်ဘာလရောက်တိုင်း နေရာအနှံ့အပြား မြေငလျင်လှုပ်ခတ်လေ့ရှိပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကလည်း မြေငလျင်အကြိမ်ရေ ၅၀၀ ကျော်ထိ လှုပ်ခတ်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းလှုပ်ခတ်ခဲ့သော မြေငလျင်များမှာ ပြင်းအား ၃ မဂ္ဂနီကျူမှ ၄ မဂ္ဂနီကျူကြား ရှိခဲ့ပြီး မြေငလျင်ကြောင့် အသေးစားပျက်စီးမှုတချို့သာရှိခဲ့ကြောင်း၊ လှုပ်ခတ်ခဲ့သော မြေငလျင်များအနက် ၄၈၅ ကြိမ်မှာ ပြင်းအား ၃ မဂ္ဂနီကျူနှင့် အောက်သာရှိခဲ့ပြီး ၄ မဂ္ဂနီကျူကျော်ရှိခဲ့သည့် မြေငလျင်လှုပ်ခတ်မှု ရှစ်ကြိမ်နှင့် ကျန်မြေငလျင်များမှာ ၃ မဂ္ဂနီကျူနှင့် ၄ မဂ္ဂနီကျူကြား ရှိခဲ့ကြောင်း ထုတ်ပြန်သွားခဲ့သည်။

"၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ မြေငလျင်လှုပ်ခတ်မှု ၅၃၆ ကြိမ်ထိ ဖြစ်ပေါ်ခဲ့ပါတယ်။ နှစ်စဉ် ဒီဇင်ဘာလရောက်တိုင်း မြေငလျင်လှုပ်ခတ်မှုက ပုံမှန်ဖြစ်ပေါ်လေ့ရှိတယ်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှာလဲ မြေငလျင်အကြိမ်ရေ ၅၀၀ ကျော်လှုပ်ခတ်ခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် တစ်နှစ်ပတ်လုံးအတိုင်းအတာနဲ့ မြေငလျင်လှုပ်ခတ်မှုအကြိမ်ရေ ၇၀၀၀ ကျော်ထိ ရှိခဲ့ပါတယ်။ မြေငလျင်လှုပ်ခတ်မှု အများဆုံးဖြစ်ပေါ်ခဲ့တဲ့ ဧရိယာကတော့ တီဟီရန်မြို့ပဲဖြစ်ပါတယ်"ဟု တီဟီရန်တက္ကသိုလ် ဘူမိရူပသိပ္ပံအင်စတီကျူမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေငလျင် လှုပ်ခတ်ခဲ့သော စီရင်စုများမှာ ခိုရာဆန်ရာဇဗီစီရင်စု၊ တောင်ပိုင်းခိုရာဆန်စီရင်စု၊ ချာဟာမာဟယ်-ဘက်တီယာရီစီရင်စုတို့ဖြစ်ကြောင်း၊ တစ်နှစ်ပတ်လုံး အီရန်နိုင်ငံတွင် စုစုပေါင်း မြေငလျင်လှုပ်ခတ်ခဲ့သည့် အကြိမ်ရေမှာ ၇၀၀၀ ကျော်ထိရှိခဲ့ကြောင်း တီဟီရန်တက္ကသိုလ် ဘူမိရူပသိပ္ပံအင်စတီကျူက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။




၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ် ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)




၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။






၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ် ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာ



**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ နိုင်ငံခြားသားခရီးသွား ဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းများ ပြန်လည်မြင့်တက်လာစေရေးဆောင်ရွက်ရာတွင် ခရီးသွားပြပွဲများ၌ ပါဝင်ပြသခြင်း၊ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်(Familiarization Trip- FAM Trip)များ ခေါ်ယူခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရှိသော ထူးခြားသည့် ရာသီပွဲတော်များ ရှာဖွေဖော်ထုတ်မြှင့်တင်ခြင်း၊ ပြည်တွင်း၊ ပြည်ပမီဒီယာများဖြင့် ရိုက်ကူးလွှင့်တင်ခြင်း၊ Event Calendar များနှင့်ပတ်သက်သော Information များကို ခရီးသွားများ သိရှိအောင် ကြော်ငြာခြင်းနှင့် ပြည်ပခရီးသွားများအတွက်သာမက ပြည်တွင်းခရီးသွား အများအပြားလည်းပတ်ရေး၊ ခရီးစဉ်ဒေသအသစ်များဖော်ထုတ်ရေးအပြင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးမှုများအရ မြန်မာနိုင်ငံသို့ နိုင်ငံခြားသား ခရီးသွား ဝင်ရောက်မှုအနေဖြင့် ၂၀၂၀ ခုနှစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နိုင်ငံခြားသား ခရီးသွားဦးရေ ၁၈၀၀၀ ကျော်သာ ရှိနေခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွားဦးရေ ၈၇၀၀၀ ကျော်ထိ မြင့်တက်လာခဲ့ပြီး ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလထိ နိုင်ငံခြားသား ခရီးသွားဦးရေ ၂၂၀၀၀၀ ကျော်ထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း တရုတ်၊ ထိုင်း၊ ရုရှား၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံသားများ ဝင်ရောက်ခဲ့ပြီး တရုတ်နိုင်ငံမှ အများဆုံးနှင့် ထိုင်းနိုင်ငံမှ ဒုတိယအများဆုံး လာရောက်ခဲ့ကြောင်း၊ ထိုသို့ လာရောက်ခဲ့သည့် နိုင်ငံခြားသားများတွင် Bussiness Visa ဖြင့် အများဆုံးလာရောက်ခဲ့ပြီး ခရီးသွားဗီဇာဖြင့် လာရောက်သူများမှာ ကမ်းခြေခရီးစဉ်များကို အများဆုံး သွားရောက်ခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ ၂၃၀၀ ကျော်၊ လိုင်စင်ရ ဧည့်လမ်းညွှန် ၂၀၀၀ ကျော်နှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီ ၅၅၀ ကျော်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

(၃၃၆)

# ပန်းတနော်မြို့နယ် စံကျောင်းစံပြကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပန်းတနော် ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဇင်းငူကျေးရွာအုပ်စု စံကျောင်းစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးနေထက်ရှိန်၊ မအူပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦး၊ ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးနှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စံကျောင်းစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့် ဝက်မွေးမြူရေးနှင့် သင်ဖြူးဖျာရက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)နှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

စံကျောင်းစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ သင်ဖြူးဖျာရက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**

## စာအုပ်စာပေ လူ့မိတ်ဆွေ



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

**TBB,TBR,PCR** တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။




အရည်အသွေးမြင့်မား **တာယာ** မှာ

# TRISTAR

*The Best Quality Tyre*




ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# မဟာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)



CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လှသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဝန်ထမ်းအလိုရှိသည်

**Sales Manager-Male (1) Post**

- Any graduate
- Sale and Marketing diploma or certificate
- Sale လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်နှင့်အထက် အတွေ့အကြုံရှိရမည်။
- အရောင်းပိုင်းအတွက် Market ရဲ့ Trend အလိုက် Sale Strategy ကောင်းမွန်စွာချမှတ်ပေးနိုင်ရမည်။
- ဈေးကွက်အခြေအနေများကို ခေတ်နဲ့တစ်ပြေးညီသိရှိပြီး Sales Plan အားရေးဆွဲနိုင်ရမည်။
- Team တစ်ခုလုံးကို ဦးဆောင်နိုင်စွမ်းရှိပြီး idea အသစ်အဆန်းတွေနဲ့ ရောင်းအားမြှင့်တင်ပေးနိုင်သူဖြစ်ရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်ပြီး အသင်းအဖွဲ့များနဲ့ လိုက်လျောညီထွေစွာလုပ်ကိုင်နိုင်သူဖြစ်ရမည်။
- Customer Complain များကို စိတ်ရှည်စွာဖြင့်ဖြေရှင်းနိုင်သူဖြစ်ရမည်။
- ခေါင်းဆောင်မှုစွမ်းရည်နှင့် Reporting Skill အထူးကောင်းမွန်ရမည်။
- Computer (Excel,PowerPointWord,Internet & E-mail) ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- အကျင့်စာရိတ္တကောင်းမွန်ပြီး မိမိလုပ်ငန်းအပေါ် တာဝန်ယူမှုတာဝန်ခံမှုအပြည့်ရှိရမည်။
- ခရီးသွားနိုင်သူ (တစ်လလျှင် 21 ရက်ဝန်းကျင်)

Flying Wheel Co;Ltd (Mandalay Head Office)
Address-Industrial(1) Pyigyidagon Township,Mandalay
HR Department Ph-09-400809595 , 09-409701010

## ဝန်ထမ်းအလိုရှိသည်

မန္တလေးမြို့ ပင်လယ်စာဆိုင်တွင် တာဝန်ထမ်းဆောင်ရန်

**ကုန်တင်ကုန်ချလုပ်သား (၆) ဦး**

- မှတ်ပုံတင်မူရင်းရှိရမည်။
- အလုပ်ကြမ်းလုပ်နိုင်သူဖြစ်ရမည်။
- နေစရာပေးသည်။ စားစရာမပေးပါ။
- အခြေခံလစာ 290000
- တစ်လ (၂) ရက် နားရက်ရှိ

မန္တလေးမြို့တွင်း ပစ္စည်းပို့ရန်

**အမျိုးသား (၂) ဦး အလိုရှိသည်**

- မှတ်ပုံတင်နှင့် ဆိုင်ကယ်လိုင်စင်ရှိရမည်။
- နေစရာပေးသည်။ စားစရာမပေးပါ။
- အခြေခံလစာ 250000
- တစ်လ (၂) ရက် နားရက်ရှိ

*** မှတ်ချက် * ရက်မှန်ကြေးရှိသည်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ ရေခါးကျေးရွာအုပ်စု၊ ဥမှင်ကျေးရွာနေ ဦးမင်းအောင်-ဒေါ်ဝင်းဆင့် တို့၏သား **မောင်ဇော်လင်းထက်(၉/တတဥ(နိုင်)၁၄၂၃၈၁)**သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးမင်းအောင် (၉/တတဥ(နိုင်)၀၅၅၅၀၃)**
**ဒေါ်ဝင်းဆင့် (၉/တတဥ(နိုင်)၀၅၅၃၃၉)**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm


# စာပေမြင့်မှ လူမျိုးတင့်မည်

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုတားဆီးရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

❖ ကမ္ဘာပေါ်တွင် **Food Security** အတွက် လိုအပ်ချက်များရှိ…

❖ အဆိုပါစားနပ်ရိက္ခာလိုအပ်ချက်ကို စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံများကသာ ဖြည့်ဆည်းပေးနိုင်သဖြင့် စွမ်းအားပြည့်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လို…

❖ အချို့နိုင်ငံများ၏ သီးထပ်စွမ်းအားမှာ ရာခိုင်နှုန်း ၃၀၀ ကျော်ခန့်ရှိသော်လည်း မိမိတို့နိုင်ငံ၏ သီးထပ်စွမ်းအားမှာ ၁၅၀ ရာခိုင်နှုန်းကျော်ခန့်သာရှိ…

❖ ထို့ကြောင့် သီးထပ်စွမ်းအားများတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လို…

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၁)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပပြုလုပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပ်ချိ မဟာသရေစည်သူစိုးဝင်းအား ကျောင်းဆင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၆**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၁)နှင့် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပ်ချိ မဟာသရေစည်သူစိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

